မြန်မာနိုင်ငံ
ကက်သလစ်
ဆရာတော်များ
အဖွဲ့ချုပ်
သတင်းဂျာနယ်

# the CBCM Herald

မျက်စိသည် ခန္ဓာကိုယ်၏
ဆီမီးဖြစ်၏။ သင်၏ မျက်စိ
ကြည်လင်သန့်ရှင်းလျှင်
သင်၏ခန္ဓာကိုယ် တစ်ခုလုံး
လင်းလိမ့်မည်။ သင်၏
မျက်စိမကောင်းလျှင်မူကား
သင်၏ခန္ဓာကိုယ်တစ်ခုလုံးသည်
မှောင်မိုက်၌ရှိလိမ့်မည်။
မာတေဦး ၆း၂၂

၁ ရက် ဇူလိုင် ၂၀၁၇ ခုနှစ် | အတွဲ (၂) အမှတ် (၁၃)





## ၁၅ ကြိမ်မြောက် ဆရာတော်ကြီးများ၏ဝမ္မညီလာခံ

### အောက်တိုဘာ ၂၀၁၈

စာ - ၈

## ကက်သလစ်စာရေးသူများနှင့် သာသနာအသီးသီးမှ လူထုဆက်သွယ်ရေး တာဝန်ခံဘုန်းတော်ကြီးများ စည်းဝေး

စာ - ၁၀





ပုပ်ရဟန်းမင်းကြီး၏
ဆရာတော်ဝါ ၂၅ ဝါ ပြည့်
ငွေရတုဂျူဘီလီအခမ်းအနား

စာ - ၁၀

မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်များ အဖွဲ့ချုပ် သတင်းဂျာနယ် CBCM-Herald အား
ဩဂုတ်လ၊ ၂၀၁၇ မှ စ၍ တစ်လ တစ်ကြိမ်သာ လစဉ် ၂၄ ရက်နေ့ တိုင်းတွင် ထုတ်ဝေပါမည်။

the CBCM Herald

မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်များ အဖွဲ့ချုပ် သတင်းဂျာနယ်

ဇူလိုင်လ (၁) ရက် ၊ ၂၀၁၇ ခုနှစ် အတွဲ (၂) အမှတ် (၁၂)

## လူငယ်များအတွက် အသင်းတော်

၁၉၈၅ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာလူငယ်များနှစ်အဖြစ် ကမ္ဘာ့ကုလ သမဂ္ဂမှ သတ်မှတ်ခဲ့သောအခါ ကက်သလစ်အသင်းတော်သည်လည်း ထိုနှစ်ကို လူငယ်များနှစ်အဖြစ် ကျင်းပခဲ့သည်။ ထို့အပြင် ထိုနှစ်မှစ၍ နှစ်စဉ်မေတ္တာပန်းတနင်္ဂနွေနေ့ကို ကမ္ဘာ့လူငယ်များနေ့အဖြစ် သတ်မှတ် ကျင်းပခဲ့သည်။ ထိုနေ့အတွက် ပုပ်ရဟန်းမင်းကြီးက သဝဏ်လွှာပေးပို့ခြင်းဖြင့် ကမ္ဘာ့လူငယ်များနေ့ကို အသင်းတော်အတွင်း အရေးပါသော နေ့ရက်ဖြစ် a လေးနှစ်တစ်ကြိမ်ကျင်းပပြုလုပ် လေ့ရှိသော ကမ္ဘာ့ လူငယ်များပွဲတော်ဖြင့် ပုပ်ရဟန်းမင်းကြီးနှင့် ကမ္ဘာတစ်ဝှမ်းမှ သိန်းသန်းချီသော လူ ငယ်များ၏ တွေ့ဆုံခြင်းက အသင်းတော်သည် လူငယ်များအား ထူးထူးခြားခြား စိတ်ဝင် တစား နေရာပေးသည်ကို သက်သေပြနေခြင်းဖြစ်သည်။

လူငယ်များ၏ဘဝသည်အန္တရာယ်အလွန်များသောခရီးကြမ်းတစ်ခုကို သွားနေရသည်နှင့် တူပါသည်။ ဘဝ၏ စိန်ခေါ်မှုများစွာကို အရွယ်နှင့် မလိုက်အောင် ရင်ဆိုင်နေကြရသည်။ သူတို့သည် မူးယစ်ဆေးဝါး၏သားကောင်းများ၊ ဆင်းရဲခြင်း၏ ကျေးကျွန်များ၊ လောဘတက်နေသော ဒုစရိုက်သမားတို့၏ အသုံးခံများ စသဖြင့် အချိန်မရွေး ဖြစ်သွား နိုင်သည်။ လူပွဲစားများ လူကုန်ကူးသူများ၏ အဓိက ပစ်မှတ်မှာ လူငယ်များပင်ဖြစ်သည်။ လူငယ်များအား လောကဓံ၏ ရိုက်ခတ်ထိုးနှက်ချက်များ၊ စိတ်သောကဖိစီးမှုများက လူငယ်များ၏ နေ့စဉ် အဖော်ဖြစ်နေသည်။

လူငယ်များ၏ ရှန်းကန်မှုကို အထောက်အကူဖြစ်စေရန် အသင်းတော်မှ ကြိုးပမ်းမှု တစ်ခု မကြာမီတွင် ဖြစ်ပေါ်လာပါလိမ့်မည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာတွင် ဆရာတော်ကြီးများ၏ ၁၅ ကြိမ်မြောက် ညီလာခံကိုကျင်းပမည် ဖြစ်ပြီး ဆွေးနွေးမည့်အကြောင်းအရာမှာ "လူငယ်၊ ယုံကြည်ခြင်း၊ ခေါ်တော်မူခြင်း ဆန်းစစ်ရွေးချယ်ခြင်း" ဖြစ်သည်။ လူငယ်များ၏ အရေးကို အဓိကထား ဆွေးနွေးကြမည် ဖြစ်သည်။ ဤညီလာခံအတွက် ပြင်ဆင်သောအားဖြင့် ဖတ်ရှုထားပြီး ပြင်ဆင်ရန် စာတမ်းတစ်စောင်ကိုလည်း ဇန္နဝါရီလ ၁၃ ရက် ၂၀၁၇ ခုနှစ် က ထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။ ထိုစာတမ်းတွင် နိုင်ငံတိုင်းရှိဆရာတော်ကြီးများအဖွဲ့ချုပ်က မိမိတို့နိုင်ငံရှိ လူငယ်များ၏ အခြေအနေ အရပ်ရပ်ကို လေ့လာ သုံးသပ်နိုင်ရန် ထောက်ကူမေးခွန်းများ ချမှတ်ပေးထားသည်။ ရရှိသော အဖြေများကို ဗာတီကန်ရှိ ပြင်ဆင်ရေးကော်မတီသို့ ပို့ပေးရမည်။

ဆရာတော်ကြီးများ၏ ညီလာခံ (Synod of Bishops) ကျင်းပရေးအသင်းကို စက်တင်ဘာလ ၁၅ ရက် ၁၉၆၅ ခုနှစ်တွင်စတင်ဖွဲ့စည်းခဲ့သည်။ ထိုအသင်းကို ပုပ်ရဟန်းမင်းကြီးကိုယ်တိုင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ အသင်းတော်၏အရေးပါသော ကိစ္စရပ်များအတွက် လိုအပ်သော အကြံ ပြုချက်များကို ကမ္ဘာတဝှမ်းရှိ ဆရာတော်ကြီးများထံမှ ညီလာခံ ကျင်းပကာ ရယူခြင်းဖြစ်သည်။ ညီလာခံ ကျင်းပပြီးသောအခါ ဆွေးနွေးချက်များ၊ အကြံပြုချက်များအပေါ် အခြေခံကာ ပုပ်ရဟန်းမင်းကြီးက နိုးဆော်စာ ထုတ်ပြန်ပေးသည်။ လူငယ်များအတွက် ဆရာတော်ကြီးများ ညီလာခံ ကျင်းပခြင်းဖြင့် လူငယ်များ၏ အရေးပါမှုကို ထုတ်ဖော်ပြသဖြင်းလည်း ဖြစ်သည်။

အသင်းတော်၏ လူငယ်များအပေါ်ထားရှိသော မျှော်လင့်ခြင်းက အလွန်ကြီးမားသကဲ့သို့ သူတို့ကို ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအတွက် တည်ဆောက်ပေးလျက်ရှိသည်။ ညီလာခံပြင်ဆင်ရေးအတွက် လူငယ်များထံပေးပို့သောစာတွင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က "သင်တို့ (လူငယ်မောင်မယ်များ) ကို အာရုံစိုက်မှုတွေရဲ့ ဗဟို ဖြစ်စေချင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သင်တို့ဟာ ကျွန်ုပ်ရဲ့ နှလုံးသားထဲမှာရှိနေလို့ ဖြစ်ပါတယ်" ဟု ကဗျာဆန်ဆန် ရေးသားခဲ့သည်။ လူငယ်များအား လူ့အသိုင်းအဝိုင်းကို ပို၍ တရားမျှတပြီး ချစ်ခင်ရင်းနှီးသော လူ့အသိုင်းအဝိုင်းတည်ဆောက်သူများ၊ ဆိုးညစ်ခြင်းများ (အထူးသဖြင့် အာဏာအလွဲ သုံးစားပြုခြင်း၊ တရားမျှတမှု ကင်းမဲ့ခြင်း နှင့် စစ်ပွဲများ) ကို ချေမှုန်းသူများ ဖြစ်ကြရန် ပုပ်ရဟန်းမင်းကြီး စိန်ခေါ်ထားသည်။

အသင်းတော်တစ်ရပ်လုံးနှင့် လက်တွဲကာ ကျွန်ုပ်တို့၏ ပစ္စုပ္ပန်နှင့် အနာဂတ်ဖြစ်သော လူငယ်များအား ဝိုင်းဝန်း ဖေးကူကြပါစို့။

## ဇူလိုင် ၂၀၁၇ အတွက် ပုပ်ရဟန်းမင်းကြီး၏ ဆုတောင်းမေတ္တာ

လမ်းလွဲသွားသော ခရစ်ယာန်ညီအစ်ကိုမောင်နှမများအတွက် . . .

မိမိတို့၏ ယုံကြည်ခြင်းမှ သွေဖီသွားကြသော ကျွန်ုပ်တို့၏ ညီအစ်ကို မောင်နှမများသည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများ နှင့် ကျွန်ုပ်တို့၏ ဧဝံဂေလိတရားကိုသက်သေခံခြင်းများကြောင့် ဘုရားရှင်၏ ကြင်နာသနားမှု ပြည့်ဝစွာဖြင့် နီးကပ်စွာရှိနေခြင်း နှင့် ခရစ်ယာန် အသက်တာ၏ လှပခြင်းများကို ပြန်လည်တွေ့မြင် နိုင်ကြပါမည့်အကြောင်း . . .။

## ကက်သလစ်စာရေးသူများအသင်း

ကက်သလစ်စာရေးသူများအသင်း (Catholic Writers Association - CWA) ကို ၂၀၁၇ ခုနှစ် ဖွန်လ (၁၂) ရက်နေ့က လူထုဆက်သွယ်ရေး ကော်မရှင်နှင့် တရားဓမ္မရေးရာ အသင်းတို့ ပူးပေါင်း ပြုလုပ်ခဲ့သည့် တွေ့ဆုံညှိနှိုးပွဲတွင် ဖွဲ့စည်းခဲ့ပါသည်။ ထိုစည်းအဝေးတွင် ဂိုဏ်းချုပ်ဆရာတော်ကြီး ဘာစီလျို အားသိုက် [သိုက် (ကန္တာရဝတီ)] အား နာယက၊ ဖါသာရ် မာရီယာနိုင်စိုးနိုင် [စိုးနိုင် (SDB)] အား ဥက္ကဋ္ဌ နှင့် ဖရန်စစ်အောင်မင်းနောင် (မျိုးကြဲသူ) အား အတွင်းရေးမှူး စသဖြင့် အသီးသီးတာဝန် ပေးခဲ့ကြသည်။

ကက်သလစ်စာရေးသူများအနေနှင့် ဤအသင်းတွင် ပါဝင်ခြင်းအားဖြင့် ကက်သလစ်စာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် ကူညီပံ့ပိုးနိုင်ကြရန် ဖိတ်ခေါ်ပါသည်။ မိမိတို့ရေးသားထားသော စာမူများကိုလည်း ဤ အသင်းသို့ ပေးပို့နိုင်ပါသည်။ အသင်းအနေနှင့် ပုံနှိပ်ထုတ်ဝေခြင်းများ လုပ်ဆောင်ပေးပါမည်။

ဆက်သွယ်ရန်။

၀၁ ၅၀၁၄၈၉ (မျိုးကြဲသူရုံး)။ ၀၁ ၅၂၅၈၀၈ (ဆက်သွယ်ရေးရုံး)

## ဂျာနယ် ထုတ်ဝေခြင်း အစီအစဉ်သစ်

ဆရာတော်ကြီးများ အဖွဲ့ချုပ် လူထုဆက်သွယ်ရေးကော်မရှင်၏ ၂၀၁၇ ခုနှစ် ဖွန်လ ၁၂ နှင့် ၁၃ ရက်များတွင် ကျင်းပခဲ့သော အစည်းအဝေး ဆုံးဖြတ်ချက် အရ (မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ် သတင်းဂျာနယ်) CBCM Herald အား ၂၀၁၇ ခုနှစ် ဩဂုတ်လမှ စတင်ကာ တစ်လ တစ်စောင်သာ ထုတ်ဝေတော့မည် ဖြစ်ပါသည်။

ဤသတင်းဂျာနယ်ကို စာမျက်နှာ ၂၄ မျက်နှာဖြင့် လစဉ် ၂၄ ရက် နေ့တိုင်းတွင် ထုတ်ဝေမည်ဖြစ်သည်။ နိုင်ငံတကာနှင့် နိုင်ငံအတွင်း ကက်သလစ် အသင်းတော်၏ သတင်းများကို ဦးစားပေး ဖော်ပြရင်း မှတ်သားဖွယ်ရာ အသင်းတော်၏ ဗဟုသုတများကိုလည်း ထည့်သွင်းဖော်ပြပါမည်။ စာဖတ်ပရိတ်သတ်များ သိလိုသည်များ (အထူးသဖြင့် အသင်းတော်၏ သွန်သင်ချက်များနှင့် ဆက်နွယ်သော အကြောင်းအရာများ) ကိုလည်း မေးမြန်းနိုင်ပါသည်။

ဖါသာရ် မာရီယာနို စိုးနိုင်
အယ်ဒီတာချုပ်

ထုတ်ဝေခွင့်အမှတ်
၀၁၇၂၅

နာယက
ဆရာတော် ပီတာလွီစ် ကျာခူ

အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ
ဖာသာရ် မာရီယာနို စိုးနိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ဖာသာရ် ဂျိမ်းဘရန်ဂျာ၊ ဖာသာရ် စောလောရင်းစ်၊
ဖာသာရ် ဝီလျံစိုး၊ ဖာသာရ် ဩဂုတ်စတင်းရွှေ

ဒီဇိုင်းဖွဲ့စည်းပုံ
ဖါသာရ် စိုးနိုင် ၊ ရိုစ့်မေရီ

အတိုင်ပင်ခံများ
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

ဖြန့်ချီရေးတာဝန်ခံများ
သာသနာ (၁၆)ခု နှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

ပုံနှိပ်တိုက်
စိန်ဖေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။

ငွေလွှဲရန်
ရိုးမဘဏ်နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅

ဆက်သွယ်ရန်
CBCM Herald သတင်းစာရုံးခန်း
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈ (ရုံးဖွင့်ချိန်များသာ)
cbcmosc@gmail.com

## ပုပ်ရဟန်းမင်းကြီး၏ ဗုဒ္ဓဟူးနေ့ သွန်သင်ချက်

သီကိုရှင်း

# အီဂျစ် (သို့မဟုတ်) မျှော်လင့်ခြင်းပြယုက်



၂၀၁၇ခုနှစ် မေလ(၃) ရက်နေ့ မှာပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်က ဗုဒ္ဓဟူးနေ့ လူထုပရိသတ်အား ဘုရားစကား သင်ကြားပေးခဲ့ရာတွင် ပုပ်ရဟန်းမင်းကြီးရဲ့ အီဂျစ်ပြည်သို့ ဒေသစာရီကြွချီတော်မူတဲ့ သာသနာပြု ခရီးစဉ်အကြောင်းကို ဝေမျှသွားခဲ့ပါတယ်။ အီဂျစ်နိုင်ငံသို့ ပုပ်ရဟန်းမင်းကြီးက ဖိတ်ကြားချက် (၄)ခု နဲ့ သွားရောက်ခဲ့ပါတယ်။ အီဂျစ်နိုင်ငံ တော်သမ္မတ မှဖိတ်ကြားချက်၊ ကော့ပ်တစ် အောသဒေါ့ ခေါင်းဆောင် သိုးထိန်းရဟန်းမင်းကြီး ဒုတိယမြောက် တော်ဝါဒရော့စ် (Tawadros) မှ ဖိတ်ကြားချက်၊ Al-Azhar မွတ်ဆလင်ဘာ သာရေး တက္ကသိုလ်မှ အကြီးအမှူး Grand Imam ရဲ့ဖိတ်ကြား ချက်နဲ့အတူ အီဂျစ်ကော့ပ်တစ် ကက်သလစ် အသင်းတော်မှ ဖိတ်ကြားချက်တို့ဖြင့် သွားရောက်ခဲ့ပါတယ်။

ပုပ်ရဟန်းမင်းကြီး ရဲ့အီဂျစ်ခရီးစဉ်ဟာ အကြမ်းဖက်မှုနဲ့ အထိကရုန်းတွေ ဖြစ်ပျက်နေတဲ့ အီဂျစ်နိုင်ငံ အတွက် ငြိမ်းချမ်းခြင်းကို ဆောင်ကျဉ်းပေးခဲ့တဲ့ အမှတ်လက္ခဏာ တစ်ခုလို့ ဆိုနိုင်ပါတယ်။ "ငြိမ်းချမ်းခြင်း၏ အီဂျစ်ပြည်၌ ငြိမ်းချမ်းခြင်း၏ပုပ်ရဟန်းမင်းကြီး" ဆိုတဲ့ခေါင်းစဉ်နဲ့ အရှင်သူမြတ်က ခရီးစဉ်ကိုပြုလုပ်ခဲ့ပါတယ်။ ပထမဆုံး နေ့မှာ ရှေးအကျဆုံးနဲ့ ပညာရေး မြင့်မားဆုံး ဖြစ်တဲ့ အစ္စလမ် တက္ကသိုလ် Al-Azhar ကိုသွားရောက်လည်ပတ်ခဲ့ပါတယ်။ အဲ့ဒီ တက္ကသိုလ်က အဓိက ဦးတည်ချက်(၂) ချက် ရှိပါတယ်။ ပထမတစ်ချက်က ခရစ်ယာန်နဲ့ မွတ်ဆလင်တွေ အကြား ဘာသာတရားချင်း နီးနော ဖလှယ်နိုင်ဖို့ အတွက်ဖြစ်တယ်။ ဒုတိယ တစ်ချက်က ကမ္ဘာနဲ့အဝှမ်း ငြိမ်းချမ်းရေးကို ကြိုးပမ်း လုပ်ဆောင်ကြဖို့ အတွက် ဦးတည်ထားပါတယ်။ အီဂျစ် ဆိုတာက အများသိကြတဲ့အတိုင်း ယဉ်ကျေးမှု ထွန်းကားရာ၊ ဘုရားရှင်နဲ့ သူ့ရဲ့ လူမျိုးတွေ ပဋိညဉ် ချုပ်ဆိုရာ နိုင်ငံ ဖြစ်ပါတယ်။ ရှေးကျ လှတဲ့ အနုပညာလက်ရာတွေ ထုံးမွမ်းပြီး အတွေးအ ခေါ်ပညာရှင်တွေ အမြောက်အမြား မွေးဖွားခဲ့ရာ နိုင်ငံတစ်ခု ဆိုလည်းမမှားပါဘူး။ ဒီတက္ကသိုလ်ကို သွားလည်ရင်းနဲ့ ပုပ်ရဟန်းမင်းကြီးက ပြောခဲ့တဲ့ စကားလေးက မှတ်သား စရာတစ်ခုပါပဲ။ "ငြိမ်းချမ်းရေးကို ပညာရေးနဲ့ တည်ဆောက် ယူရတယ်။ အသိပညာပုံသွင်းခြင်းတွေနဲ့ လမ်းကြောင်း ပေးရတယ်။ ဘုရားဆိုတဲ့ အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်တော်ကို ကိုးကွယ်ဆည်းကပ်ကြတဲ့ ဘာသာရေးနဲ့ ငြိမ်းချမ်းရေးကို ဆောင်ကျဉ်းပေးကြရတယ်။ ငြိမ်းချမ်းရေးကို ဘုရားနဲ့လူ အကြားထားရှိတဲ့ ပဋိညဉ်ကိုပြန်လည် မွမ်းမံပြီး တည်ဆောက် ယူရပါတယ်"။ ဘုရားနဲ့ဖွဲ့ထားတဲ့ ပဋိညဉ်ဆိုတာကလည်း ဘုရားရှင်နဲ့ မိမိနဲ့နီးစပ်သူ လူသားများအပေါ်ထားရှိတဲ့ချစ် ခြင်းမေတ္တာအပေါ်မှာ အခြေခံထားတာပါ။ အချုပ်ဆိုရရင် မေတ္တာနဲ့ငြိမ်းချမ်းခြင်း ကို ဖလှယ်ယူတဲ့သဘော ဖြစ်တယ် ဆိုတဲ့အကြောင်းမိန့်ခဲ့ပါတယ်။

Coptic Orthodox အသင်းတော်ရဲ့ ဦးဆောင် သိုးထိန်း ရဟန်းမင်းကြီးဒုတိယမြောက်Tawadros နဲ့လည်း ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ပါသေးတယ်။ ခရီးတစ်ခုကို အတူတူ ခရီးပြုလျှောက်လှမ်းကြဖို့နဲ့ အသင်းတော်အသီးသီးက ရရှိခံယူထားတဲ့ ဆေးကြောခြင်းစက္ကရမင်တူးကို ထပ်မံပြုလုပ်ခံယူဖို့မလိုအပ်တော့ကြောင်း လက်မှတ်ထိုးသဘောတူပြီး အတူတကွဆုတောင်း ဝတ်ပြုခဲ့ကြပါတယ်။ ဒုတိယနေ့မှာတော့အရှင်သူမြတ်ပုပ်ဖရန်စစ်က ကက်သလစ် ဘာသာဝင်သားသမီးတွေနဲ့ တွေ့ဆုံအားပေးခဲ့ပါတယ်။ သခင်ခရစ်တော်ရှင်ပြန်တော်မူပြီးနောက် တပည့်တော်ကြီး(၂) ပါးနဲ့ ဧမောဦးသို့ သွားတဲ့ခရီးစဉ်လိုမျိုး တွေ့ကြုံခံစားကာ နှုတ်ကပါတ်တော်အလင်းအသက်မုန့်တော်ယုံကြည်ခြင်းရဲ့ဝမ်းမြောက်ရာ၊ မျှော်လင့်ခြင်းနှင့်ချစ်ခြင်းမေတ္တာ တို့ဖြစ်တည်ရာ ခရစ်တော်ရှင်ကို ရှာဖွေကြဖို့မှာကြားခဲ့ပါတယ်။ အီဂျစ်ခရီးစဉ် နောက်ဆုံးပိုင်းမှာတော့ ရဟန်းဘုန်းတော်ကြီးများ၊ သူတော်စင်များ၊ ရဟန်းလောင်းကိုရင်များ နဲ့တွေ့ဆုံခဲ့ပြန်ပါတယ်။ ကောင်းကင်နိုင်ငံတော်အတွက် ရည်ရွယ်ကာမိမိဘဝကိုဘုရားရှင်ထံဆက်ကပ် ပူဇော်ထားကြတဲ့ ရဟန်းသူတော်စင်တွေကို တွေ့ရတာဟာ အီဂျစ်အသင်းတော်ရဲ့ အလုတရားကို တွေ့လိုက်ရသလိုပါပဲလို့ အားရဝမ်းသာစွာ မိန့်ဆို ခဲ့ပါတယ်။

အရှေ့အလယ်ပိုင်းမှာရှိကြတဲ့ ခရစ်ယာန်ဘာသာဝင်သားသမီးတွေအတွက်လည်း မှတ်မှတ်ရရဆုတောင်းပေးခဲ့ပါတယ်။ အီဂျစ်ဆိုတာတကယ်တော့ မျှော်လင့်ခြင်းရဲ့ အမှတ်လက္ခဏာပါပဲ။ ဓမ္မဟောင်းကာလတုန်းက အစာရေစာငတ်မွတ်ခေါင်းပါးကပ်ဘေးဆိုက်တော့ ယာကုပ်နဲ့သားတစ်စု အီဂျစ်မှာလာပြီးစားစရာလာရှာခဲ့ပါတယ်။ မယ်တော်မာရီးယားက သခင်ယေရှုလေးကိုမွေးပြီးခါစ သွေးနုသားနုဖြစ်နေချိန်(၂)နှစ် အောက်ကလေးငယ်တွေ အားလုံးသတ်စေဖို့ ဟေရုဒ်ဘုရင်က ရာဇသံချလိုက်တဲ့အခါ အီဂျစ်ပြည်ကိုပဲထွက်ပြေးတိမ်းရှောင် ခဲ့ကြရတယ်။ ဒါတွေကြောင့် ပုပ်ရဟန်းမင်းကြီးရဲ့မိမိအီဂျစ်ခရီးစဉ်ကလည်း မျှော်လင့်ခြင်း တစ်စုံတစ်ရာ မွေးဖွားဆောင်ကျဉ်းပေး နိုင်မယ့် ခရီးစဉ်တစ်ခုအဖြစ် မျှော်လင့်ကြောင်း ဗုဒ္ဓဟူးနေ့ လူထု ပရိသတ်ကို ဝေမျှ အလင်းပေးသွားခဲ့ပါတယ်။ အတိတ်က သမိုင်းမှာ အီဂျစ်ဆိုတာ မျှော်လင့်ခြင်းတွေ ဖန်တီးပေးခဲ့သလို လက်ရှိပစ္စုပ္ပန်အတွက်လည်း မျှော်လင့်ခြင်းပြယုက်တစ်ခုဖြစ်နေတော့မှာပါ။

# မျှော်လင့်ခြင်း၏မိခင်

မေလ (၁၀)ရက်နေ့ ဗုဒ္ဓဟူးနေ့ လူထုပရိသတ်အား ကက်သလစ်အယူဝါဒဆိုင်ရာ ဘုရားစကား သင်ကြားရာတွင်ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်က မျှော်လင့်ခြင်း၏မိခင်ခေါင်းစဉ်ဖြင့် သင်ကြားပေးခဲ့ပါတယ်။

ကျမ်းစာ မှာရေးသားထားတဲ့ မယ်တော့်ရဲ့ ခေါ်တော်မူခြင်း ကို ထောက်ရှုကြည့်ရင် အင်မတန် ပြဇာတ်ဆန်လွန်းပါတယ်။ သိကြားတမန်တော်က အမိမယ်တော်အား ဘုရားရဲ့မိခင် ဖြစ်ဖို့ ကမ်းလှမ်းဖိတ်ကြားချက်ကို တုန့်ပြန်ဖို့ဆိုတာ တ ကယ်မလွယ်ပါဘူး။ အသက်ကလေးကလည်းငယ်၊ အရွယ် ကလေးကလည်းနုနဲ့၊ ဖိတ်ကြားချက်ကို လက်ခံလိုက်ရင် နောက်ဆက်တွဲ ဘာတွေဆက်ဖြစ်မယ်ဆိုတာလည်း မသိရဘူး။ အဲ့ဒီကြားထဲမှာမှ သတ္တိရှိရှိနဲ့ရက်ရောစွာ တုန့်ပြန် ခဲ့လိုက်တယ်။

"YES" (ဟုတ်ကဲ့ပါ) ဆိုတဲ့ စကားတစ်ခွန်းက နာခံတတ်ခြင်း ပေါင်းများစွာရဲ့အကောင်းဆုံး စံနမူနာဖြစ်ခဲ့ပါတယ်။ အဲ့ဒီ စကားတစ်ခွန်းနဲ့ပဲ ဘုရားရဲ့မိခင်ဖြစ်ခဲ့ရပြီး ယနေ့ထက်ထိလူသားများရဲ့မိခင်လည်းဖြစ်နေရပါတယ်။ သိကြားတမန် ပြောတာတွေ၊ သူမအနားမှာ ဖြစ်ပျက်နေတာတွေ ကောင်းကောင်းနားမလည်ခဲ့သော်လည်း တိတ်ဆိတ်စွာနဲ့ ဘုရားရဲ့ စကားကိုယုံကြည်ပြီး အရာရာကို နှလုံးသွင်းနိုင်ခဲ့တဲ့သူပါ။ နောက်တစ်ခုစိတ်ဝင်စားဖို့ကောင်းတာက အမိမယ်တော်ရဲ့ စိတ်နေစိတ်ထားကို တွေ့ရတာပါပဲ။ မသေချာ၊ မရေရာတဲ့ အနာဂတ်ကိုမြင်နေရပေမဲ့ အလွယ်တကူ စိတ်ဓါတ်ကျ အရှုံးမပေးခဲ့တဲ့စိတ်ဓါတ်ပါ။ အမျိုးသားမရှိဘဲ သန့်ရှင်းသော ဝိဥာဉ်တော်အားဖြင့် သန္ဓေလွယ်ခဲ့ရတာကြောင့် လူ့ဘုံအလယ်မှာ အထင်အမြင်လွဲ အရှက်ရစရာအကြောင်းရှိပါတယ်။ အဲ့ဒါနဲ့မယ်တော်ဘာလုပ်ခဲ့လဲ။ ရိုးရိုးလေးပါပဲ။ ဘုရားရဲ့စကားကို မြဲဝယ်မကျအောင် ယုံကြည် နားထောင် လိုက်ပါတယ်။ မှန်တယ်။ မျှော်လင့်ခြင်းဆို တာ နားထောင်တတ်ခြင်းနဲ့လည်း ဆက်စပ်နေပါတယ်။ တကယ်တော့ မယ်တော်သခင်မဟာ နားထောင်တတ်သော အမျိုးသမီးတစ်ဦးပါ။ ဘုရားပေးလာတဲ့ ဘဝတာဝန်ကို ပျော်ရွှင်ယုံကြည်စွာ တုန့်ပြန် ခဲ့တဲ့သူပါ။ သားတော် ဘုရား ဒေသနာတရားတော် စတင်ဟောကြား ချိန်ကစပြီးသူမရဲ့ အခန်းကဏ္ဍက တဖြေးဖြေး ငြိမ်သက်သွားပါတယ်။ ဘယ်လောက်ထိ ငြိမ်သက် သွားခဲ့လဲဆိုရင် ကားတိုင်ပေါ်မှာ သားတော်



ဘုရား အသက်စွန့်ချိန်မှာတောင် ငြိမ်သက်စွာနဲ့ ကားတိုင်ခြေရင်းမှာရပ်နေခဲ့ပါတယ်။

စာမျက်နှာ ၄ သို့

# အသင်းတော်အတွက် ကာဒီနယ်အသစ် ငါးပါး ခန့်အပ်ခြင်း



ဗာတီကန်၊ ၂၈ ဇွန်လ ၂၀၁၇

စိန်ပီတာ ဘာဆီးလီကာကျောင်းတော်ကြီး၌ ဇွန်လ(၂၈)ရက် ဗုဒ္ဓဟူးနေ့တွင် ပုပ်ရဟန်းမင်းကြီးက ကာဒီနယ်တင်မြောက်ခြင်း အခမ်းအနားကြီးတစ်ရပ်ကို ဦးဆောင်ကျင်းပကာ ရဟန်းအမတ်တင်မြောက်ခြင်း ဝိနည်းနှင့်အညီ ရောမမြို့အတွက် ဆရာတော်ကို ရွေးချယ်ပေးရန်၊ ပုပ်ရဟန်းမင်းကြီးအား အကြံပြုပေးရန်၊ ပုပ်ရဟန်းမင်းကြီး၏ အသင်းတော်ကြီး တစ်ခုလုံးကို ဦးဆောင်အုပ်ချုပ်ရာတွင် အကူအညီပေးရန်အတွက် ကာဒီနယ် အသစ် (၅) ပါးကို ခန့်အပ်ခဲ့သည်။

အသစ် ခန့်အပ်လိုက်သော ကာဒီနယ်များမှာ ဘမာခို(မာလီ) ၏ ဂိုဏ်းချုပ်ဆရာတော်ကြီး ယွန်းဇာဘို (Jean Zerbo) စပိန် (ရှိဘာချာလိုနာ) ၏ ဂိုဏ်းချုပ်ဆရာတော် ဝှန်ဟိုဖေး အိုမီလာ (Juan Jose’ Omella)၊ ဆွီဒင်နိုင်ငံ စတော့ဟုမ်း၏ ဂိုဏ်းချုပ်ဆရာတော်ကြီး အန်ဒရက်စ် အာဘိုရေးလီယုစ် ( Anders Arborelius) လာအိုပါခ်စာ၏ ဆရာတော် လူးဝီ မာရီလင်း (Luis Marie Ling) နှင့် မူလီဆန်ဆာဗာဒို၏ လက်ထောက်ဆရာတော် ဂရေဂေါရီယို ရိုစာချာဗက် (Gregorio Rosa Chavez) တို့ဖြစ်ကြသည်။

အခမ်းအနားတွင် ပုပ်ရဟန်းမင်းကြီးက ကာဒီနယ်အသစ်များအား မိမိတို့ အသီးသီးလုပ်ဆောင်ရမည့် အထူးတာဝန်များအကြောင်းကို ပြောကြားမိန့်မှာခဲ့သည်။ “သခင်ခရစ်တော်က သင်တို့အားခေါ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ သင်တို့သည်သူကဲ့သို့ပင် နီးစပ်သူများ အထူးသဖြင့်လိုအပ်နေသူများကို ကူညီပေးရန်ဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာဖြင့် အစေခံရန်ဖြစ်သည်။ ကမ္ဘာကြီး၏ ဖြစ်ပျက်မှုများကို သခင်ခရစ်တော်က ရင်ဆိုင်လက်ခံခဲ့သကဲ့သို့ သင်တို့သည်လည်း လက်ခံရင်ဆိုင်ရန် သူသည်သင်တို့ကို ခေါ်ခဲ့ခြင်းဖြစ်ပါသည်။ သူ့နောက်ကိုလိုက်ကြပါ၊ ကားတိုင်ပေါ်တွင် အသေခံခဲ့ပြီး သေခြင်းကို အောင်မြင်ကာ ရှင်ပြန်သော ခရစ်တော်ကို အစဉ်မျှော်ကြည့်လျက်ဘုရား၏ လူမျိုးတော်အတွက် ရှေ့သို့လှမ်းချီတက်ကြပါ။” ဟု ပုပ်ရဟန်းမင်းကြီးကနှိုးဆော်ခဲ့သည်။

ကာဒီနယ်အသစ် တင်မြောက်ခြင်း အခမ်းအနားကို အသင်းတော်ကြီးကို မှိုင်းမသော ရဟတ္တာကြီးများဖြစ်သော စိန်ပီတာ စိန်ပေါလ် ပွဲနေ့ကြီးတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

Ref; Vatican Radio

(CBCM_ OSC)



ကာဒီနယ်အသစ် ငါးပါးသည် အနားယူထားသော ပုပ်ရဟန်းမင်းကြီး ဘယ်နဒစ် ၁၆ အား ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့်အတူ သွားရောက် ဂါရဝပြု နှုတ်ဆက်ခဲ့ကြသည်။

စာမျက်နှာ ၃ မှ အဆက်

ကား တိုင်ပေါ်က သားတော်ရယ်၊ ကားတိုင်ခြေရင်းက မယ်တော်ရယ် သားအမိ နှစ်ယောက်လုံး ခမည်းတော် ဘုရားရှင်ရဲ့ အလိုတော်ကို ငြိမ်သက်စွာနား ထောင်ခဲ့ကြပါတယ်။ သားတော်ရဲ့ နောက်ဆုံးအချိန်မှာ ကြောက်အား လန့်အားနဲ့ ထွက်ပြေးနေတဲ့ သူတွေကြားထဲမှာ သတ္တိရှိစွာ သားတော်နဲ့ အတူအားပေး ရပ်တည်ပေးခဲ့ပါတယ်။ အမိ မယ်တော်ဟာ ကားတိုင်ခြေရင်းမှာ ရပ်လျှက်ရှိတယ်လို့ ကျမ်းစာက ဆိုထားပါတယ်။ ငိုကြွေးနေတယ်လို့ မဆိုထား ပါဘူး။ သားတော်နဲ့အတူရပ်လျှက် ဝေဒနာတွေကို ပူဇော်ခံ ထမ်းပေးနေခဲ့တာပါ။ သုံးရက်မြောက်နေ့မှာ သားတော်ဟာ ပြန်ရှင်မယ်ဆိုတာကိုလည်း မသိသေးပါဘူး။ သားတစ်ယောက် ရဲ့ဝေဒနာကို ဝမ်းနဲ့လွယ်ပြီး မွေးခဲ့တဲ့ အမေက သာပိုသိပါတယ်။ သားကိုချစ်တဲ့စိတ်၊ ဘုရားကို သစ္စာရှိတဲ့ စိတ်တွေနဲ့ပဲ ကားတိုင်ခြေရင်းမှာ မျှော်လင့်ခြင်း ကြီးစွာ ရပ်နေ ခဲ့ပါတယ်။

မျှော်လင့်ခြင်းကြီးတဲ့ ဒီမိခင်ကို သန့်ရှင်းသော ဝိညာဉ်တော်ဘုရား ဆင်းကြွလာတဲ့နေ့၊ အသင်းတော်ကိုမွေးဖွား ပေးလိုက်တဲ့နေ့မှာ ပြန်တွေ့ရ ပြန်ပါတယ်။ ဆရာသခင်ဖြစ်တဲ့ ခရစ်တော်ကို ငြင်းဆိုခဲ့တဲ့သူ၊ ထွက်ပြေးထားရစ်ခဲ့သူ၊ ထိတ်လန့်ကြောက်ရွံ့ နေသူတွေ ကြားမှာ မျှော်လင့်ခြင်းရဲ့ မိခင်ကိုတွေ့ရပါတယ်။ အဲ့ဒီ အတွက်ကြောင့် သူမကိုမိခင်အဖြစ်နဲ့ ချစ်ခင်မြတ်နိုးစွာအားကိုးနေကြပါတယ်။ မှတ်ထားပါ။ ငါတို့ တွေဟာဘယ်တော့မှ မိဘမဲ့တွေ ဖြစ်မှာ မဟုတ်ဘူး။ ကောင်းကင်နိုင်ငံတော်မှာ ဘုရားရဲ့မိခင်ဖြစ်တဲ့ တို့ရဲ့ အမေက တို့နဲ့ အမြဲရှိနေပါတယ်။ ဘဝဟာ အဓိပ္ပါယ်တွေမဲ့နေခဲ့ရင်တော့ စောင့်ဆိုင်းတတ်ခြင်း ပါရမီကို တို့အမေက သင်ကြားပေးနေတယ်။ ဘယ်လောက်ပဲ အခက်ခဲတွေ ကြုံကြုံ မယ်တော်လိုမျိုး ဘုရား ရှင်ကိုယုံကြည်အားကိုး မျှော်လင့်တတ်ဖို့ လိုပါတယ်။ ယေရှုဘုရားရှင် ကိုယ်တော်တိုင်ကလည်း သူ့အမေရဲ့ အကျင့်ပါရမီတွေကို အတုယူနိုင်အောင် လူတွေနဲ့အတူခရီး ပြု လျှောက်လှမ်းဖို့ အမေအဖြစ်နဲ့ ပေးထားခဲ့ပါတယ်။

မျှော်လင့်ခြင်းရဲ့ မိခင် မယ်တော် သခင်မ သင်တို့အားလုံးကို လမ်းပြ ဦးဆောင် ပေးပါစေ။

# ကျွန်ုပ်တို့၏ အားနည်းချက်များကို ဖုံးကွယ်ထားရန်မလို

ဗာတီကန်၊ ၁၆ ရက် ဇွန်လ ၂၀၁၇

“ဘုရားသခင်၏ ကယ်တင်ခြင်းနှင့် ကုသမှုကျေးဇူးတော်များကို ခံစားရရှိရန် အတွက် ကျွန်ုပ်တို့သည် မိမိတို့၏ အားနည်းချက်၊ မပြည့်စုံခြင်းနှင့် အပြစ်သားဖြစ်ခြင်း အခြေအနေကို လက်ခံ သိမှတ်ရန် လိုပါသည်။ ထိုအရာသည် ကျွန်ုပ်တို့ကို စစ်မှန်သော ပျော်ရွှင်ခြင်းဆီသို့ဦးဆောင်ပါသည်။” ဟု ပုပ်ရဟန်းမင်းကြီးက ဆန်တာမာတာ ဘုရားကျောင်းကြီးတွင် ဇွန်လ (၁၆) ရက် မွန်းတရားတော်၌ ဩဝါဒပေးခဲ့သည်။

ပထမကျမ်းစာမှ ရှင်ပေါလု၏ စကား ဖြစ်သော “ကျွန်ုပ်တို့အားလုံးသည် ထိခိုက်ကွဲအက်လွယ်သော မြေအိုးများဖြစ်ကြသည် ပြုပြင်ရန် လိုအပ်နေသော လူများသာဖြစ်ကြပါသည်” ဟူသော တိုက်တွန်းနှိုးဆော်ချက်ကို အခြေခံကာ ပုပ်ရဟန်းမင်းကြီးက ကျွန်ုပ်တို့၏ ဘဝ၌ လုပ်ဆောင်ရန် အခက်ခဲဆုံး အလုပ်ထဲတွင် ကျွန်ုပ်တို့၏ မတတ်နိုင်ခြင်း၊ မပြည့်စုံခြင်းကို သိမှတ်ဝန်ခံခြင်းသည် လည်းပါဝင်နေသည်။ အချိန်နှင့်အမျှ ကျွန်ုပ်တို့၏ အားနည်းချက်များကို အများက မမြင်နိုင်ရန် ဖုံးကွယ်ထားနိုင်သလောက်ဖုံးကွယ် ထားချင်ကြပါသည်။ ဘဝသည် ပြီးပြည့်စုံနေသကဲ့သို့ အားနည်းချက်မရှိသကဲ့သို့ ပြုမူနေထိုင်တတ် ကြပါသည်။ အားနည်းချက်ကို ပြုပြင်ပြောင်းလဲရန်ထက် မေ့မေ့ပျောက်ပျောက် ချန်ထားချင်တတ်ပါသည်။ ပြုပြင်ခြင်းဆိုသည်ကို ရှက်ဖွယ်အရာအဖြစ် မြင်တတ်ကြပါသည်။ အမှန်မှာ ထိုသို့ ခံစားရခြင်းသည်ပင်လျှင် သူတော်ကောင်းယောင် ဆောင်နေခြင်းပင်ဖြစ်သည်။ တစ်ပါးသူအပေါ်တွင်သာမက မိမိကိုယ်ကို ပင်လျှင် ပြန်၍ လှည့်စား၊ ဟန်ဆောင်နေခြင်းပင်ဖြစ်သည်။ မိမိသည် ရွှံ့မြေသာဖြစ်ခြင်းကို သတိမူမိကာ ကယ်တင်ခြင်းရရန်ရှာဖွေမှု မလုပ်ဆောင်သောသူအတွက် မာန၊ တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် ပျက်ဆီးခြင်းပန်းတိုင် များသာစောင့်ကြို နေမည်ဖြစ်ပါသည်။

ထို့ကြောင့်ပင်လျှင် ရှင်ပေါလုက ကျွန်ုပ်တို့သည် အားနည်းသောကြောင့် ဘုရားသခင်၏ စွမ်းအားတန်ခိုးအားဖြင့်သာလျှင် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံရလေပြီ။ ကျွန်ုပ်တို့သည် ဒုက္ခဆင်းရဲများဖြင့် ကြုံတွေ့ရသော်လည်း ပျက်ဆီးခြင်းမှ ကင်းလွတ်ရ၏။ ကျွန်ုပ်တို့သည် တိုက်ခိုက်ခြင်း ခံခဲ့ရသော်လည်း မကွဲမလွင့်ရှိနေလေသည်။ ကျွန်ုပ်တို့သည် ညဉ်းပန်းနှိမ်စက်ခြင်းများကို ခံခဲ့ရသည် သို့သော် စွန့်ပစ်ထားခြင်းမခံရ၊ ဖြိုဖျက်ခြင်း ခံရသော်လည်း အသေသတ်ခြင်း မခံရ ဟုဆိုခဲ့ခြင်းဖြစ်ပါသည်။

ရွှံ့စေးမြေနှင့် စွမ်းအားတန်ခိုး၊ ရွှံ့စေးနှင့် ရတနာအကြား အမြဲအဆက် အစပ်ရှိနေပါသည်။ သို့သော် အနှောင့်အယှက်သည်လည်း အမြဲတွေ့ကြုံရမည့်အရာ ဖြစ်သည်။ ထိုနည်းတူစွာ အားနည်းချက် ကို ဖုံးကွယ်ထားရန်၊ ဖျောက်ဖျက်ပစ်ရန် ကျွန်ုပ်တို့သည် ရွှံ့မြေမှဖြစ်သည် ဆိုသည်ကို မယုံကြည်ရန် စသည်တို့သည် အနှောက် အယှက်များပင်ဖြစ်သည်။ ထိုအရာသည် မိမိကိုယ်ကို ဟန်ဆောင် လှည့်စားနေခြင်းပင် ဖြစ်သည်။

ကျွန်ုပ်တို့က မိမိ၏ အားနည်းချက်၊ မပြည့်စုံခြင်းများကို သိမှတ်ဝန်ခံလိုက်သော အခါ ဘုရားသခင်သည် ပျော်ရွှင်ခြင်းနှင့်

စာမျက်နှာ ၅ သို့

# ယုံကြည်ကိုးကွယ်ရာဘာသာကို ကျော်လွန်သော ချစ်ခြင်းမေတ္တာ



ဇွန်လ (၁၉) ရက်၊ တနင်္လာနေ့ ညနေပိုင်းတွင် ပုပ်ရဟန်းမင်းကြီး ဖရန်းစစ်သည် ဘုရားကျောင်းများနှင့် ဘာသာရေး အသင်းအဖွဲ့ပေါင်း ၃၈ ခုမှ ခေါ်ယူ စောင့်ရှောက်ထားသော ဒုက္ခသည် ဦးရေ (၁၂၀) ခန့်မှ ကိုယ်စားပြုအဖြစ် ပုပ်ရဟန်း မင်းကြီးနှင့် တွေ့ဆုံရန်ရောက်လာကြသော ဒုက္ခသည် (၃၅) ဦးတို့နှင့် တွေ့ဆုံမှုတစ်ရပ်ပြုလုပ်ခဲ့သည်။

ရောမမြို့ရှိ စိန်ဂျွန်လက်တာရန်ဘုရားကျောင်းတွင်ပြုလုပ်သော ထိုတွေ့ဆုံ ခြင်းတွင် ပုပ်ရဟန်းမင်းကြီးက မူဆလင်ဒုက္ခသည် အများအပြား ရင်ဆိုင်နေရသော ဒုက္ခအခက်အခဲများ၏ ဆိုးကျိုးများကို အဓိက ရည်ရွယ်ကာ မှတ်ချက်ပြု မိန့်ကြားခဲ့သည်။

"ချစ်ခြင်းနှင့် ညီရင်းအစ်ကို စိတ်ထားများသည် ဘာသာဝါဒများကို ကျော်လွှားနိုင်ပါသည်။ တိုက်ခိုက်သတ်ဖြတ်ခြင်းတွင် ဘာသာတရား မရှိသလို ဘာသာတရားသည်လည်း တိုက်ခိုက်သတ်ဖြတ်ခြင်းကို သယ်ဆောင်သောအရာမဟုတ်ပါ" ဟု ပုပ်ရဟန်းမင်းကြီးက မိန့်ကြားခဲ့သည်။ အီတလီနိုင်ငံ၏ အဓိကကြီးမားသောမျှော်မှန်း ချက်တစ်ခုမှာ တိုက်ခိုက်သတ်ဖြတ်ခြင်းနှင့် ဆီးရီးယား၊ အီရတ်၊ လင်ဗျားအပါအဝင် အာဖရိကနှင့် အရှေ့အလယ် ပိုင်း ဒေသများရှိ ဆင်းရဲချွတ်ခြုံကျနေခြင်းများကို ကူညီဖြေ လွှတ်ပေးရန် ဖြစ်သည်။ ၂၀၁၆ ခုနှစ် တစ်နှစ်အတွင်းတွင်ပင် အီတလီနိုင်ငံသို့ ဒုက္ခသည် စုစုပေါင်း (၁၈၀,၀၀၀) ထက်မနည်း ဝင်ရောက်ခိုလှုံလာခဲ့ကြသည်။ ယခု ပုပ်ရဟန်းမင်း ကြီးနှင့် တွေ့ဆုံသော ကိုယ်စားလှယ် (၃၈) ဦးတို့သည်လည်း ၂၀၁၅ ခုနှစ် စက်တင်ဘာလ (၆) ရက်တွင် ရွှေ့ပြောင်း နေထိုင်သူနှင့် ဒုက္ခသည်များကို ကြိုဆိုလက်ခံရန် ပုပ်ရဟန်း မင်းကြီး၏ တောင်းဆိုမှုအပြီး ရောမမြို့တွင်ကနဦး လက်ခံထားသော ဒုက္ခသည်များမှဖြစ်သည်။

ရဟန်းမင်းကြီး၏ ကရုဏာရုံးတော် မှလည်း ထိုဒုက္ခသည်များအား လက်ခံထားသော ဘုရားကျောင်းများနှင့် အသင်းအဖွဲ့များကိုလည်း လိုအပ်သည့် ထောက်ပံ့မှုများကို ပြုလုပ်ပေးခဲ့သည်။ "ငါသည် ဧည့်သည် သူစိမ်းဖြစ်သောအခါ သင်တို့သည် ငါ့ကို ကြိုဆိုလက်ခံခဲ့ကြသည်။" ဟူသော ကျမ်းချက်နှင့် အညီ သူတို့သည် လိုအပ်သူများကို ကူညီထောက်ပံ့လက်ခံခဲ့ရာ ပထမအချီတွင် (၅၇) ဦး၊ ဒုတိယ ကြိမ်တွင် (၆၄) ဦး စုစုပေါင်း ၁၂၁ ဦးကို လက်ခံကူညီထားပြီးဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ ယခုအခါတွင် ထိုဒုက္ခသည်များထဲမှ အချို့သည် ရုံးတော်က စီစဉ်ပေးမှုဖြင့် ကိုယ်ပိုင်မိသားစု၊ ကိုယ်ပိုင်နေအိမ်များဖြင့် နေထိုင်နိုင်ပြီဖြစ်သည်။

ကရုဏာရုံးတော် အနေဖြင့်လည်း မိမိတို့နေအိမ်မိသားစုများတွင် ဒုက္ခသည်များကို လက်ခံကူညီ ထောက်ပံ့လိုသော မိသားစုများကိုလည်း လိုအပ်သည့်အသိပညာနှင့် အချက်အလက်များကို ပို့ချသွန်သင်ပေးသည်။ သို့မှသာ မိမိတို့ တွေ့ကြုံရနိုင်သည် အခြေအနေများကို ကောင်းမွန်စွာ ရင်ဆိုင်ဖြေရှင်းနိုင်မည် ဖြစ်သည်။ ထိုသို့ ဒုက္ခ သည်များကို ကူညီရာတွင် ပါဝင်လုပ်ဆောင်ခဲ့သော ဘုရားကျောင်းများအား စံပြအဖြစ်အသိအမှတ်ပြု သတ်မှတ်လျက် မိမိနှင့် တွေ့ဆုံသောဒုက္ခသည်များအား "သင်တို့ကို ကြိုဆိုလက်ခံသော သူများကို လည်းကောင်း၊ သင်တို့ကို ကြိုဆိုလက်ခံရန် သဘောတူညီပေး သူများကိုလည်းကောင်း ကျေးဇူးတင်ပါ" ဟု ပုပ်ရဟန်းမင်းကြီးက မိန့်ကြားခဲ့သည်။

စိန်ပီတာကျောင်းဗိမာန်တော်ကြီး နှင့် စိန်အန်းဘုရားကျောင်းများတို့တွင် ပုပ်ရဟန်းမင်းကြီး၏ တိုက်တွန်းနိုးဆော်မှုကို ကြားခဲ့ရပြီးနောက်ပိုင်း ဒုက္ခသည် မိသားစုများကို တစ်မိသားစုလျှင် တစ်ဦးစီ ကူညီထောက်ပံ့ ပေးရန် ကြော်ငြာကာ လုပ်ဆောင်ပေးခဲ့သည်။ ယခုအခါတွင် ဗာတီကန်၌ ဒုက္ခသည် မိသားစုများအတွက် သင့်လျော်သော နေထိုင်ရာ နေရာသုံးခုကို ချထားစီစဉ်ပေးထားပါသည်။ သူတို့အား မိမိတို့၏ ခြေထောက်ပေါ်တွင် လွပ်စွာရပ်တည်နိုင်စေရန် ကူညီခွင့်ပြုပေးသည်။ သူတို့သည် မိမိကိုယ်တိုင် ရပ်တည်လာနိုင်သောအခါ ထိုနေအိမ်ကြီးမှ ထွက်၍အခြားသော ဒုက္ခသည် မိသားစုများကဲ့သို့ နေရာပေးရန် စီစဉ်ထားပြီး ဖြစ်သည်။

မတ်လအတွင်း ဆီးရီးယားမှ ဒုက္ခသည် မိသားစုအသစ် (၃) စုတို့ကို ဗာတီကန်က နေရာပေးခဲ့သည်။ ထိုမိသားစုများသည် ရောမမြို့သို့ စိန့်အယ်ဂျီဒီယို (Saint Egidio) အသင်းအဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။ ထိုအသင်းအဖွဲ့သည် လူသားချင်းစာနာ ထောက်ထားကာ နေရာထိုင်ခင်းချထားရေးအတွက် အီတာလျံအစိုးရနှင့် လက်တွဲလုပ်ဆောင်နေသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၂၀၁၆ ခုနှစ် ဧပြီလတွင် ပုပ်ဖရန်စစ်က ဂရိကျွန်းငယ်လေးတွင်ရှိသော ဒုက္ခသည် ဗဟိုစခန်းသို့ သွားရောက်လည်ပတ်ခဲ့ပြီး အပြန်တွင် ဒုက္ခသည် (၁၂) ခန့်ကို မိမိနှင့်အတူ တစ် ပါတည်း ရောမမြို့သို့ ခေါ်ဆောင်လာခဲ့သည်။

လွန်ခဲ့သောရက်များကလည်း ပုပ်ရဟန်းမင်းကြီး၏ ကရုဏာရုံးတော်မှ အုပ်ချုပ်ရေးတာဝန်ခံ ပိုလန်ဂိုဏ်းချုပ်ဆရာတော် ခွန်ရတ် ကရာဂျူစကီ (Archbishop Konrad Krajewski ) က ဗာတီကန်ရှိ မိမိတည်းခိုရာအခန်းငယ်တွင် နားနေစဉ် ရုံးတော်သို့ ရောက်လာသော ဒုက္ခသည်မိသားစုအတွက် ထိုနေရာလေးအား ပေးခဲ့ကြောင်းသိရသည်။

ကမ္ဘာ့ ဆင်းရဲ သားနေ့ ကျင်းပမည်ဖြစ်ကြောင်း မထုတ်ပြန်မီ ဇွန်လ (၂၀) ရက်နေ့တွင် ထိုတွေ့ဆုံမှုသည်ကို ပြုလုပ်ကြခြင်းဖြစ်သည်။ တနင်္ဂနွေနေ့ အန်ဂျေလူးမေတ္တာဆိုအပြီးတွင်လည်း ပုပ်ရဟန်းမင်းကြီး "ယနေ့ ခေတ် ကမ္ဘာတွင် မရှိဆင်းရဲသားများ၊ ဒုက္ခသည်များကို ကူညီရန် ပို ၍ပင် လိုအပ်ပါသည်။" ဟုဆိုခဲ့သည်။ ပဋိပက္ခများ၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အမျိုးမျိုးသော သတ်ဖြတ်ခြင်းများကို ရင်ဆိုင်ခံစားရသော အမျိုးသမီးများ၊ လူကြီးများနှင့် ကလေးများတို့၏ နာကျင်ခြင်းနှင့် မျှော်လင့်ခြင်း အိမ်မက်များကို ပုပ်ရဟန်းမင်းကြီးက အသိအမှတ်ပြုကာ သူတို့ အတွက်လည်း ဆုတောင်းပေးခဲ့သည်။

ပုပ်ရဟန်းမင်းကြီးက ထိုသူတို့သည် "သူတို့၏ နာကျင်ဖွယ်ဘဝဇာတ်ကြောင်းကို ပြန်လည် ဝေမျှခွင့်ရခြင်းဖြင့် ထိုဒုက္ခသည်များသည် ကြောက်ရွံ့ခြင်းနှင့် စိတ်ကူးယဉ်ဆန်ခြင်းတို့၏ မလှပခြင်းကို ဖျက်ဆီးပစ်နိုင်ကာ လူသားအရင်းမြစ် ပိုမိုဖွံ့ဖြိုးတိုးတက်ခြင်း၊ လွတ်လပ်ပွင့်လင်းစွာ နေထိုင်ရခြင်း၏ အရသာကို ခံစားရကာ တံတားများ တည်ဆောက်နိုင်ကြပါလိမ့်မည်" ဟုမိန့်ကြားခဲ့သည်။

Ref; Caritas Rome

(CBCM_ OSC)

စာမျက်နှာ ၄ မှ အဆက်

ကယ်တင်ခြင်းတို့နှင့်အတူ ကျွန်ုပ်တို့ဆီသို့ ကြွလာမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ရန်မှာ ခက်ခဲသည် မှန်သော်လည်း ကျွန်ုပ်တို့ ကြိုးစား လုပ်ဆောင် ကြရမည် ဖြစ်သည်။ သို့ကြောင့် ပင်လျှင် ရက်ကြောက်တတ်ခြင်းသည် အရေးကြီးသောအရာ တစ်ခုဖြစ်လာလေသည်။ ထိုရက်ကြောက်ခြင်း ဆိုသည်မှာ ကျွန်ုပ်တို့သည် ရွှေငွေများဖြစ်ပြုလုပ်သော အိုးများမဟုတ်ဘဲ ရွှံ့စေးမြေဖြင့် ပြုလုပ်ထားသောအရာ သက်သက်သာ ဖြစ်ကြောင်းသိမှတ်ကာ ဘုရားသခင်၏စွမ်းအားတန်ခိုးတော်အတွက် မိမိတို့၏ နလုံးသားကို ချဲ့ထွင်ရန်လိုအပ်ခြင်းကိုသာဆိုလိုခြင်းသာဖြစ်သည်။

မိမိ၏ခြေကို ဆေးပေးရန် ပေတရုက ငြင်းပယ်မိခြင်းသည် မိမိ၏ ရွှံ့မြေဖြစ်ခြင်းနှင့်ဘုရားသခင်၏ ကယ်တင်ခြင်းကိုလိုအပ်ခြင်းအဖြစ်ကိုမေ့သွားခြင်းကြောင့်ဖြစ်သည်။

ထိုကြောင့် ကျွန်ုပ်တို့သည် မိမိ၏ ရွှံ့မြေသာ ဖြစ်ခြင်းအဖြစ်ကို လက်ခံသိမှတ်နိမ့်ချနိုင် သောအခါ ဘုရားသခင်၏ အံ့မခန်းသော ကျေးဇူးတန်ခိုးသည် ကျွန်ုပ်အပေါ်သို့ သက် ရောက်ကာ ပြီးပြည့်စုံခြင်း ကျေးဇူးတော်၊ ပျော်ရွှင်ခြင်း၊ ဝမ်းမြောက် ရွှင်လန်းခြင်း နှင့် ကယ်တင်ခြင်း ကျေးဇူးတော်များကို ဘုရားသခင် ပေးသနားသော အဖိုးထိုက်ရတနာများအဖြစ် ရယူပိုင်ဆိုင် နိုင်ကြပါလိမ့်မည်ဟု ဟောကြားခဲ့သည်။

Ref; Vatican Radio

(CBCM_OSC)

## ပုပ်ရဟန်းမင်းကြီး၏ သာသနာပြု ခရီးစဉ်များ

ပုပ်ရဟန်းမင်းကြီးသည် ကမ္ဘာတဝှမ်းရှိ ကက်သလစ်ဘာသာဝင် သားသမီးများအား တွေ့ဆုံအားပေးရန်အတွက်လည်းကောင်း၊ ငြိမ်းချမ်းခြင်းနှစ် ချစ်ခြင်းကို သယ်ဆောင်ရန်အတွက် လည်းကောင်း လိုအပ်သလို တမန်တော်တစ်ပါး၏ သာသနာပြု ခရီးသွား လေ့ရှိသည်။ ထိုသို့ ရွေးချယ်ရာတွင်လည်း အလိုအပ်ဆုံးဒေသကို ရွေးချယ်လေ့ရှိသည်။

၂၀၁၇ စက်တင်ဘာလ ၆ ရက်မှ ၁၁ ရက်အထိ ကိုလံဘီယာနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ ထိုနိုင်ငံသည် ငြိမ်းချမ်းရေး ရယူပြီး တိုင်းပြည်ပြန်လည်ထူထောင်နေသော နိုင်ငံတစ်ခုဖြစ်သည်။

ထိုနည်းတူ ၂၀၁၈ ခုနှစ် ဇန္နဝါရီလတွင် ချီလီနိုင်ငံနှင့် ပီရူးနိုင်ငံသို့ သာသနာပြု ခရီး သွားမည်ဖြစ်ကြောင်း ဇွန်လ ၁၆ ရက်နေ့က ထုတ်ပြန်ကြေငြာခဲ့သည်။

ဇန္နဝါရီလ ၁၅ မှ ၁၈ ရက်များတွင် ချီလီနိုင်ငံ၏ မြို့သုံးမြို့ ဆန်တီယာဂို၊ တေမူကိုနှင့် အီကွီကွေ တို့သို့ သွားရောက်မည်ဖြစ်သည်။ ဇန္နဝါရီလ ၁၈ မှ ၂၁ ရက်အထိ ပီရူးနိုင်ငံ လီမာမြို့၊ ပူအယ်တို မာလ်ဒိုနာဒိုမြို့ နှင့် ထရူဟီးလိုမြို့များသို့ သွားရောက်မည်ဖြစ်သည်။

CBCM-OSC

# အင်တာနက်အပေါ်တွင် ကက်သလစ်ယဉ်ကျေးမှု ဆက်လက်ရှင်သန်ရေး

ကွေဘက် ကနေဒါ၊ ၂၃ ရက် ဇွန်လ ၂၀၁၇

ကမ္ဘာ့ စီးညစ်ကွန်ဂရက်အား ဇွန်လ ၁၉ ရက်မှ ၂၂ ရက် အထိ ကနေဒါနိုင်ငံ ကွေဘက်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ထို ကွန်ဂရက်အစည်းအဝေးတွင် ကမ္ဘာတစ်ဝှမ်းလုံးတွင်ရှိသော ကက်သလစ် လူမှုဆက်သွယ်ရေး လုပ်ငန်းလုပ်ဆောင်နေသူ အများအပြားတက်ရောက်ကြသည်။ အထူးသဖြင့် ကက်သလစ် အသင်းတော်၏ လူမှုဆက်သွယ်ရေး လုပ်ငန်းများသည် လူသားထုအား မျှော်လင့်ခြင်းခွန်အားများ မွေးဖွါး ဖန်တီးပေးနိုင်ရေး ဝိုင်းဝန်း ဆွေးနွေးကြခြင်း ဖြစ်သည်။

ထို ကွန်ဂရက် စုံညီပွဲတွင် ကဏ္ဍ အသီးသီးအတွက် ပညာရှင်များက စာတမ်း ဖတ်ကြားခြင်း ပါဝင် တက်ရောက်သူများက ဆွေးနွေး ဖလှယ်ခြင်းများဖြင့် လူမှု ဆက်သွယ်ရေး အတွက် နည်းလမ်းသစ်များ၊ အခွင့်လမ်း အသစ်များကို ရှာဖွေကြသည်။

ဤတွေ့ဆုံပွဲ၏ အခြားတစ်ခုမှာ အပြည်ပြည်ဆိုင်ရာ စီးညစ် အဖွဲ့အတွက် အမှုဆောင်အသစ်များ ရွေးကောက် တင်မြှောက်ခြင်း ဖြစ်သည်။ ထို့အတူ ဒေသအလိုက် အမှု ဆောင်အသစ်များ ရွေးကောက် တင်မြှောက်ခြင်းများကိုလည်း ပြုလုပ်ကြသည်။

ဆက်သွယ်ရေး နည်းလမ်းများစွာ ရှိသည့်အနက် အင်တာနက်သည်လူများစွာထံ အလျင်အမြန်ရောက်နိုင်စွမ်းသော အရာတစ်ခုဖြစ်သည်။ ထို့ကြောင့် ကက်သလစ် ယဉ်ကျေးမှု ထုံးတမ်း ဓလေ့များ အင်တာနက် ပေါ်တွင် တည်ရှိ ရှင်သန်ရေးအတွက် စွမ်းဆောင်ဖို့လိုကြောင်း၊ ထို့သို့ ရှင်သန်နေရေးအတွက် လုပ်ဆောင်နိုင်မည့် နည်းလမ်းများကိုလည်း (ChurchPop) ဟု အမည်ပေးထားသည့် အင်တာနက် အစီစဉ်ကို တင်ဆက်သူများက သူတို့ ကျင့်သုံးနေသော နည်းလမ်းကောင်းများ ဝေမျှခဲ့သည်။

"အင်တာနက် အထူးသဖြင့် ဆိုရှယ်မီဒီယာတွေက နည်းလမ်းမျိုးစုံနဲ့ ရေးသား ဖေါ်ပြနေကြပါတယ်။ ကဏ္ဍတစ်ခုမှာ အလုပ် ဖြစ်တဲ့အရာတွေက နောက်တစ်နေရာမှာ မဖြစ်ပြန်ဘူး။" ဟု အယ်ဒီတာချုပ် ဘရန်လီ မီလီဂန် ကရှင်းပြခဲ့သည်။

ChruchPop အင်တာနက် စာမျက်နာတွင် ဆောင်းပါးများကို ဖတ်ရှုနိုင်သလို ဓါတ်ပုံများ၊ ဖန်တီးထားသော ရုပ်ပုံများကိုလည်း တွေ့မြင်နိုင်သည်။ ဤသို့ ပြုလုပ်ရခြင်းမှာ "ကက်လသစ် ယဉ်ကျေးမှု ထုံးတမ်းစဉ်လာတို့သည် အလွန် ကျယ်ပြန့်ပြီး လူနေမှု ဘဝ၏ ကဏ္ဍများစွာနှင့် ဆက်နွယ်နေသောကြောင့်ဖြစ်သည်ဟု မီလီဂန်က သတင်းသမားများအား ရှင်းပြခဲ့သည်။ Church Pop ၏လုပ်ငန်းစဉ်မှာ ကက်သလစ် ယဉ်ကျေးမှုဓလေ့ထုံးစံများကို လူအများနှင့် ဝေမျှရန်ဖြစ်သည်။




အင်တာနက်ပေါ်တွင် အောင်မြင်သော စာမျက်နာတစ်ခု ဖေါ်ဆောင်ရန် မလွယ်ကူကြောင်း မီလီဂန်က ပြောပြပြီး မထင်မှတ်ဘဲ အောင်မြင်သည့်အခါများလည်း ရှိခဲ့သည်ဟု ဝန်ခံခဲ့သည်။ ဥပမာ - တမန်တော်ကြီး ကွယ်လွန်ခဲ့သော နေရာများအကြောင်းတင်ပြထားသော ဗီဒီယို၊ ကမ္ဘာအနှံ့ရှိ လှပသော ဘုရားကျောင်းများ၏ ဓါတ်ပုံများသည် လူအများ စိတ်ဝင်အစားဆုံး စာမျက်နာများဖြစ်သည်။

ကွေဘက် ဂိုဏ်းချုပ်သာသနာ၏ လူထုဆက်သွယ်ရေး တာဝန်ခံ ဂျက်စမင်က ဆိုရှယ်မီဒီယာအပေါ်တွင် ဖေါ်ပြသော ဗီဒီယိုများ၏ အရေးပါမှုကို ဝေမျှခဲ့သည်။ သူ၏ အတွေ့အကြုံအရ လမ်းမှားရောက်နေသူများ လမ်းမှန်ပေါ်ပြန်ရောက်လာသည့် အကျင့်တရား ပြောင်းလဲလာသည့် ဇာတ်လမ်းများကို လူအများ စိတ်ဝင်စားခဲ့ကြသည်။ မိမိဖန်တီးသော ဗီဒီယိုကို လူတိုင်းက သူတို့၏ ကိုယ်ပိုင် စာမျက်နာပေါ် တင်ကာ ဝေမျှချင်အောင် စံထားကာ ကျိုးစား ဖန်တီးရမည်ဟု တိုက်တွန်းခဲ့သည်။

ကိုလံဘတ်စ်၏စစ်သူများ အဖွဲ့၏ ဆိုရှယ်မီဒီယာ ပညာရှင် ဆာမန်သာ ဝါလင့်က မိမိတို့၏ ပရိသတ်ကို နားထောင်ခြင်းသည် အလွန်အရေးပါကြောင်း ထပ်လောင်းပြောပြသည်။ ထို့ကြောင့် ဖေ့စ်ဘွတ်တွင် ရေးလာသမျှသော ကွန်မင့်များကို ဖတ်ရမည်။ မည်သို့သော တင်ပြချက်ကို လူမည်မျှ စိတ်ဝင်စားသည် စသည်တို့ကို သေချာလေ့လာမှတ်သားကာ လိုအပ်သလို ပြုပြင်လုပ်ဆောင်ရမည် ဖြစ်ကြောင်း သတိပေးခဲ့သည်။ သူတို့ ဖန်တီးထားသော ဖေ့စ်ဘွတ်ကို ဝင်ရောက်ကြည့်သူများသည် ယုံကြည်နှင့် ဆိုင်ရာများ၊ ဝိညာဉ်ရေးရာများကို အထူး စိတ်ဝင်စားကြကြောင်း ဝေမျှခဲ့သည်။

ဆိုရှယ်မီဒီဒယာပေါ်တွင် မှန်ကန်စွာ ရေးသား ပြောဆိုရန် လိုအပ်ကြောင်း ကနေဒါနိုင်ငံ ကျောင်းဝင်းများအတွင်း အမှုတော်ဆောင် ဗစ်ကီ ကဖြည့်စွက်ပြောသည်။

ဆိုရှယ်မီဒီယာပေါ်တွင် လူအများ၏စိတ်ဝင်စားမှု ရရန် နည်းလမ်းများစွာရှိသည့်အတွက် အားလုံး အသုံးချကြရမည်။ ထင်ပေါ်ကျော်ကြားခြင်းအတွက် မဟုတ်ဘဲ သတင်းကောင်း မျှဝေရန်အတွက် ရည်ရွယ်ကာ နိမ့်ချခြင်းနှင့် အကောင်းဆုံးဖြစ်အောင် ကျိုးစား ဖန်တီးကြရမည်ဟု မီလီဂန်က မှတ်ချက်ချခဲ့သည်။

Ref: CNA/EWTN

CBCM_OSC

# မဟုတ်မမှန်သတင်းများ ဖြန့်ဝေခြင်းကို ရပ်တန့်ကြပါ

မနီလာ ဖိလစ်ပိုင် ၂၃ ရက် ဇွန်လ ၂၀၁၇

မဟုတ်မမှန် သတင်းများသည် ယနေ့ကမ္ဘာတဝှမ်းလုံးတွင် ရင်ဆိုင်နေရသော ပြဿနာတစ်ရပ် ဖြစ်သည်။ ထို ပြဿနာသည် အာရှတိုက်၏ တစ်နိုင်ငံတည်းသော ကက်သလစ်နိုင်ငံသည်လည်း ရင်ဆိုင်နေရသည်။ မတတ်သာတော့သည့်အဆုံး ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ "မဟုတ်မမှန်သတင်းများ ဝေမျှနေခြင်းကို ရပ်တန့်ကြပါ" ဟု ကြေ ငြာချက် ထုတ်ပြန်ကာ တားဆီးသည် အထိ ဖြစ်နေသည်။

ပိလတ်တူမင်းသည် သခင်ယေရှုအား တရားစီရင်စဉ်က 'အမှန်တရားကဘာလဲ' မေးခဲ့သည်၊ အကြောင်းမှာ အမှန်တရားဖြစ်သော ခရစ်တော်ကို မမြင်နိုင်အောင် သူသည် အမှားတွင်း နစ်နေသောကြောင့် ဖြစ်သည်ဟု ဆရာတော်များက ရေးသား ခဲ့သည်။ ခရစ်ယာန်တိုင်းသည် အမှန်တရားကို မည်သည့်ပုံစံဖြစ်နေပါစေ လက်ခံကြရမည်။ လိမ်လည်လှည့်ဖြားခြင်း၊ မမှန်မကန်ခြင်းများတွင် မပါဝင်ရန် သတိပေးသည်။

ဆရာတော်ကြီးများက "အမှန် တကယ်မဖြစ်သော အရာများကို ဖြစ်သယောင် ရေးသားထုတ်ဝေနေသော သတင်းစာတိုက်များ၊ ဖြစ်နေပါလျက် သတင်း မထုတ်ပြန်ခြင်းများ၊ ဖြစ်သည်အတိုင်း အမှန်တကယ် မထုတ်ပြန်ဘဲ ထိန်ချန်ထားမှုများ လည်း ရှိနေသည်။" ဟု သတင်းလောက၏ ဘက်လိုက်တတ်ခြင်းကို မီးမောင်းထိုးပြခဲ့သည်။

အထူးသဖြင့် ဆိုရှယ်မီဒီယာများသည် လူများအား လိမ်လည် လှည့်ဖျားသည့်နေရာ၊ သတင်းအတုများ၏ ကြီးထွားရာနေရာဖြစ်လာနေသည်။ ဤကဲ့သို့သော အပြုအမူများသည် လူသား၏ အမှန်တရားကို သိနိုင်သည့် ဆင်ခြင်နိုင်စွမ်းကို ထိခိုက် ပြစ်မှားသည့် အပြစ်ဖြစ်သည်သာမက လူများအား လွဲမှားသော အယူအဆများ၊ ဆုံးဖြတ်ချက်များကို ပြုလုပ်စေ ပြီး လမ်းမှားသို့ ပို့သောကြောင့် ချစ်ခြင်းမေတ္တာကို ဆန့်ကျင်သော အပြစ်လည်းဖြစ်သည် ဟု ထိုကြေငြာစာတွင် ရေးသားထားသည်။

ကက်သလစ် ဘာသာဝင် တစ်ဦးအနေနှင့် ဤကဲ့သို့သော သတင်းများနှင့် မည်ကဲ့သို့ ပြုမူ ဆက်ဆံရမည်ကို လမ်းညွှန်ရာတွင် လိုက်နာရမည့် နည်းလမ်း လေးခုကို ဖေါ်ပြထားသည်။ ထိုသတင်းများကို ကိုးကား မပြောဆိုရန်၊ ခိုင်လုံသော သတင်းမှန်များ နှင့် ထိုသတင်းမှားများအား တိုက်ဖျက် ချေမှုန်းရန်၊ မိမိကိုယ်၌က ထိုသတင်းများကို မည်သည့် နည်းလမ်းဖြင့်ဖြစ်စေ ဖြန့်ချီသူ မဖြစ်စေရန် (ဆိုရှယ်မီဒီယာပေါ် တွင် တဆင့်ဝေမျှခြင်း၊ နှုတ်ဖြင့် ပြောဆို ဝေမျှခြင်းတို့ကအစ ရှောင်ရှားရန်)၊ ထိုသတင်း အရင်းအမြစ်များကို ဖေါ်ထုတ် ရှာဖွေပြီး အခြား ညီအစ်ကိုမောင်နမများလည်း ရှောင်ရှား နိုင်အောင် အသိပေးကြရန် စသည့် နည်းလမ်း လေးခုကို ချမှတ်ပေးထားသည်။

ဆရာတော်ကြီးများက သတင်းမှားများကို ဖြန့်ဝေသူသည် သူတပါး၏ အသိဉာဏ်ကိုသာမက ချစ်ခြင်းမေတ္တာကို ဆန့်ကျင်သော အပြစ် ကျူးလွန်ခြင်း ဖြစ်သည်ဟု ဆိုထားသည်။

ကျွန်ုပ်တို့အားလုံး အမှန်တရား၌ ပူဇော်ဆက်ကပ်ကြပါစို့။ အကြောင်းမှာ သခင်ဘုရားသည် မှန်ကန်ခြင်းဖြစ်သည် ဟု ဆရာတော်ကြီးများက သင်ကြားထားသည်။

CBCM-OSC

# အမေရိကန်အတွက် ဧဝံဂေလိတရားတော်၏ ဝမ်းမြောက်ခြင်း



အမေရိကန် ပြည်ထောင်စု တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စုံညီ ပွဲတော် တစ်ခုကို ကျင်းပနေသည်။ ထိုပွဲတော်ကို "ကက်သလစ် ခေါင်းဆောင်များ၏ စုရုံးခြင်း - အမေရိကန် အတွက် ဧဝံဂေလိတရားတော်၏ ဝမ်းမြောက်ခြင်း" ဟု အမည်ပေးကာ ဇူလိုင်လ ၁ ရက်မှ ၄ ရက်အထိ ကျင်းပနေကြသည်။ ထိုပွဲတော်သို့ နိုင်ငံတဝှမ်းမှ ဖိတ်ကြားထားသူ ကိုယ်စားလှယ် ၃၅၀၀ ဖြင့် အော်လန်ဒိုတွင် ကျင်းပလျက်ရှိသည်။

ပါဝင်တက်ရောက်ကြသူများအား ဤစုံညီပွဲတော်ကို ညီလာခံတစ်ခု အဖြစ် သဘောမထားဘဲ ခရီးတစ်ခု အဖြစ် မှတ်ယူကြရန် ဒါးလက်စ် ၏ ဆရာတော်ကြီး ဘန်းက နှိုးဆော်ထားသည်။

စုံညီပွဲ၏ အဖွင့် မစ္ဆားတရားတော်မြတ်ကို ဆရာတော်ကြီး အပါး ၁၅၀ တို့က ဝန်းရံပူဇော်ခဲ့သည်။ ကျမ်းစာတော်မြတ်ကို စပိန်ဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ဖတ်ကြားပြီး အထွေထွေဆုတောင်းခန်းကို ဘာသာစကား ပေါင်းစုံဖြင့် ပြုလုပ်ခဲ့သည်။

ထိုမစ္ဆားကို ဦးဆောင်ပောခဲ့ပြီး ဩဝါဒပေးခဲ့သော ကာဒီနယ် တိမောသော ဒိုလန်က ပျော်ရွှင်ခြင်းသည် ဘုရားသခင်၏ တည်ရှိနေခြင်း၏ သင်္ကေတပင် ဖြစ်ကြောင်း ဝေမျှခဲ့သည်။ ကမ္ဘာကြီး၏ ပြဿနာ အခက်အခဲများကိုသာ အာရုံပြုမနေဘဲ ဘုရားရှင် တည်ရှိခြင်း အပေါ် ကိုလည်း အာရုံပြုနိုင်ကြရန် ဖိတ်ခေါ်ခဲ့သည်။ အမေရိကရှိ ကက်သလစ် ခေါင်းဆောင်များသည်လည်း ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကဲ့သို့ ပျော်ရွှင် ခြင်း ခရစ်ယာန်တစ်ယောက်၏ ရှင်သန်ခြင်း နှင့် စိတ်ခိုင်မာခြင်း အတွက် မရှိ မဖြစ် လိုအပ်သော အရာတစ်ခုဖြစ်သည်ကို ယုံကြည်လက်ခံသောကြောင့် ဤစုံညီပွဲတော်ကို ကျင်းပကြခြင်း ဖြစ်ကြောင်း ရှင်းပြခဲ့သည်။

ကာဒီနယ်ဒိုလန်က ယနေ့ခေတ်အခါတွင် ပျော်ရွှင်ခြင်းကို ဆန်းသစ်ရန် အလွန်လိုအပ်လျက်ရှိပြီး ပြဿနာများ၊ စိတ်သောကများ၊ သတင်းဆိုးများ၊ အမိုက်မှောင်များအား လျစ်လျူရှုထားရန် မဖြစ်နိုင်သည်မှန်သော်လည်း ထိုအရာများက လူများအား လွှမ်းမိုး ချုပ်ကိုင်နေခြင်းမှာ မဖြစ်သင့်သော အချက်ဟု မှတ်ချက်ပြုခဲ့သည်။

ဗာတီကန်ရုံးတော်ရှိ ကာဒီနယ် ပီအယ်ထရို ပါရိုးလင်း ထံမှ ပေးပို့လာ သော သဝဏ်လွှာတွင် ပုပ်ရဟန်းမင်းကြီးက ဤစုံညီပွဲတော်တွင်ပါဝင်တက်ရောက်ကြသော ကိုယ်စားလှယ်များသည် မိမိတို့၏ နေရပ်ပြန်ရောက်ကြသည့်အခါ ခေတ်အခါ၏ အနေအထားများကို ပျော်ရွှင်စွာ ဖတ်ရှုနိုင်ကြပြီး သတင်းကောင်းမျှဝေနိုင်သော တပည့်များဖြစ်လာစေရန် မျှော်လင့်ပါကြောင်း ဖော်ပြထားသည်။

သဝဏ်လွှာတွင် ပုပ်ရဟန်းမင်းကြီး အနေနှင့် ဤစုံညီပွဲတော်သည် လူတိုင်းအား ငြိမ်းချမ်းခြင်းနှင့် ပြန်လည် သင့်မြတ်ရေးကို ဖော်ဆောင်လိုသော စိတ်ဆန္ဒများ မွေးဖွါးပေး လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည် ဟု ဆက်လက်ဖော် ပြထားသည်။

CBCM-OSC

# ငလျင်ဒဏ်သင့် ဂရိကျွန်းအတွက် ပုပ်ရဟန်းမင်းကြီးမှ ယူရို ၅ သောင်း အကူညီပေးပို့

အေသင်၊ ဂရိ ၃ ရက် ဇူလိုင် ၂၀၁၇

ဇွန်လတွင် ငလျင်ဒဏ်ခံခဲ့ရသော ဂရိနိုင်ငံအပိုင် လက်စ်ဘော့စ်ကျွန်း ပြန်လည် ထူထောင်ရေး လုပ်ငန်းများအတွက် ပုပ် ရဟန်းမင်းကြီး ဖရန်စစ် က ယူရို ၅ သောင်း ပေးပို့ လှူဒါန်းခဲ့သည်။

ငလျင်ကြောင့် ပျက်စီးခြင်းများ နှင့် ပတ်သက်၍ အစီရင်ခံစာ ထွက်လာပြီး ရက်အနည်းငယ် အကြာတွင် ပုပ်ရဟန်းမင်းကြီးက အလှူငွေပေးပို့ခဲ့ခြင်းဖြစ်သည်။

ဤ အလှူငွေသည် ဆင်းရဲဒုက္ခကြုံတွေ့ရသော သားသမီးများနှင့် နီးနီးကပ်ကပ်နေလိုသည့် ပုပ်ရဟန်းမင်းကြီး၏ စိတ်ဆန္ဒကို ဖော်ကျူးခြင်းဖြစ်သည်ဟု ဂရိနိုင်ငံမှ ဆရာတော် နိကော်လပ်စ် က မှတ်ချက်ချခဲ့သည်။

၂၀၁၇ ခုနှစ် ဇွန်လ ၁၂ ရက်နေ့ ၆.၃ ရက်ချ်တာစကေးရှိသော ငလျင်သည် တူရကီကမ်းခြေ၏ အနောက်ခြမ်းနှင့် ဂရိနိုင်ငံ၏ ကျွန်းငယ်လေး လက်စ်ဘော့စ်တို့အား ထိခိုက်ပျက်စီးစေခဲ့သည်။ ငလျင်ကြောင့် လူတစ်ဦးသေဆုံးပြီး လူပေါင်း ၈၀၀ ကျော် အိုးမဲ့ အိမ်မဲ့ ဖြစ်ခဲ့ရပြီး တူရကီနိုင်ငံ ကမ်းခြေမြို့ မှ ဂရိ နိုင်ငံ အေသင်မြို့အထိ အဆောက်အဦများစွာ ပြိုကျ ပျက်စီး ဆုံးရှုံးခဲ့ရသည်။

တိုင်းတာ ချက်များ အရ ငလျင်သည် တူရကီနိုင်ငံ စမီးရ်နားမြို့၏ အရှေ့မြောက်ဖက် မိုင် ၅၀ အကွာနှင့် ဂရိနိုင်ငံ လက်စ်ဘော့စ် ကျွန်း၏ တောင်ဘက် ၉ မိုင် အကွာတွင် ဗဟုပြုသည်ဟု သိရသည်။



၂၀၁၆ ခုနှစ် အီတလီနိုင်ငံတွင် ငလျင်ဒဏ်သင့်သောနေရာတစ်ခုသို့ ပုပ်ရဟန်းမင်းကြီး သွားရောက် ကြည့်ရှုစဉ် (Photo: L'Osservatore Romano)

ပုပ်ရဟန်းမင်းကြီးသည် ထိုကျွန်းသို့ ၂၀၁၆ ခုနှစ်က သွားရောက်ခဲ့ဖူးသည်။ ထိုကျွန်းသည် အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့မှ ထွက်ပြေးလာကြသော ဒုက္ခသည်များ ဝင်ရောက်ရာတွင် အဓိကကျသော ကျွန်းဖြစ်သည်။ ထိုခရီးစဉ်မှ အပြန်တွင် ပုပ်ရဟန်းမင်းကြီးက သူနှင့်အတူ ကလေး ၆ ယောက် အပါအဝင် စစ်ပြေး ဒုက္ခသည် ၁၂ ဦးကို ဗာတီကန်သို့ ခေါ်ဆောင်သွား ခဲ့သည်။ သူတို့ အခြေချ နေထိုင်ရေးကို ဗာတီကန်ကပင် တာဝန်ယူ လုပ်ဆောင်ခဲ့သည်။

လက်ရှိအချိန်တွင် ထိုကျွန်းပေါ်က ဒုက္ခသည်စခန်းများတွင် ဒုက္ခသည် အယောက် ၃၅၀၀ ရှိနေဆဲ ဖြစ် ပြီး အခြေတကျ နေထိုင်နိုင်မည့် နိုင်ငံတစ်ခုသို့ သွားရောက်ခွင့် ရရှိရေး စောင့်မျှော်နေဆဲ ဖြစ်သည်။ နျူးယော့တိုင်းမ်၏ သတင်းများအရ ဒုက္ခသည်စခန်းများတွင် ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ မရှိဟု သိရသည်။

မကြာမီ ရက်များအတွင်း ဗာတီကန်မှ အကြီးတန်း အရာရှိများ သည် ပုပ်ရဟန်းမင်းကြီး၏ အလှူငွေကို ထိုကျွန်းသို့ ယူဆောင်သွားပေးမည်ဟု သိရသည်။

CBCM-OSC

**SYNOD 2018**

# လူငယ်အားလုံးရဲ့ ညီလာခံ

သီကိုရှင်း

**လူငယ်တွေရဲ့ အသံတွေကို ကြားချင်ပါတယ်။ နားထောင်ပေး နေပါတယ်။**

၂၀၁၉ ခုနှစ် ကမ္ဘာ့လူငယ်များနေ့ ပွဲတော်ကြီးကို ပြင်ဆင်သောအားဖြင့်၂၀၁၈ခုနှစ် မှာ ညီလာခံ အစည်းအဝေးပွဲကြီး တစ်ရပ်ကိုလည်း ပြုလုပ်ကျင်းပဖို့ ပြင်ဆင်နေကြပါတယ်။ ဒီညီလာခံ အစည်းအဝေးကို လူငယ်များရဲ့အစည်းအဝေးညီလာခံလို့ ဆိုရင်ပိုပြီးမှန်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီညီလာခံကို လူငယ်တွေ အများကြီးတက်ရောက်ပါဝင်ကြမှာ ဖြစ်တဲ့အတွက်ကြောင့်ပါ။ တိတိကျကျ ပြောရရင်အလွှာပေါင်းစုံက လူငယ်တွေပါဝင်လာကြမှာပါ။ ကက်သလစ် လူငယ်တွေပါမယ်။ ဘုရားမဲ့ တရားမဲ့ လူငယ်တွေပါမယ်။ ယုံကြည်ခြင်းမှာ မပူမအေးနဲ့ ကြားမှာ ခွနေတဲ့လူငယ်တွေလည်းပါမယ်။ နောက်ဆုံး ဘုရားကျောင်း တောင်မသွားတော့တဲ့ လူငယ်တွေလည်း တက်ရောက်လာကြမှာဖြစ်တယ်။ လူငယ်အယောက်စီတိုင်းမှာ သူတို့ရဲ့ဘုန်းကြီးတွေ၊ သီလရှင်တွေ၊ ဆရာတော်တွေ၊ နောက်ဆုံးပုပ်ရဟန်းမင်းကြီးကိုတောင် ပြောပြချင်တဲ့ သိစေချင်တဲ့စကားတွေ ရှိကြမှာပဲ။ ဒီအကြောင်းအရာ အတွေးလေးတွေကို ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်က ဧပြီလ (၈) ရက်နေ့၊ စိန့်မေရီမေဂျာ ဘာစီလီကာကျောင်းတော်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ 'ခရက်ကောင်းမှပနားမားသို့ လူငယ်များနှင့်အတူ ခရီးပြုခြင်း' ဆိုတဲ့ ညီလာခံတစ်ခုမှာ ယခုလို ဝေမျှအလင်းပေးသွားခဲ့ပါတယ်။

ချစ်ခင်ရပါသောလူငယ်များတို့ . . . လူငယ်နီးနောဖလှယ်ပွဲ ညီလာခံအစည်းအဝေးကြီးကို ပြင်ဆင်သောအားဖြင့် ပြုလုပ်နေသော ယခုအစည်းအဝေးကို တက်ရောက်လာကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ယခုအစည်းအဝေးမှာ စတင်ခြင်း (၂)ခု ရှိပါတယ်။ ပထမတစ်ခုက "လူငယ်များ၊ ယုံကြည်ခြင်းနှင့် ခေါ်တော်မူခြင်းဆိုင်ရာ ဆန်းစစ်ခြင်း" ခေါင်းစဉ်နဲ့ပြုလုပ်မယ့် လူငယ်နီးနောဖလှယ်ပွဲ ညီလာခံကြီးကိုအစပျိုးခြင်းဖြစ်ပါတယ်။ ဒုတိယတစ်ခုက ကမ္ဘာ့လူငယ်များပွဲတော် ကျင်းပပြုလုပ်မယ့် ပနားမားနိုင်ငံသို့ ခရီးပြုစတင်ခြင်းလို့လည်း ဆိုနိုင်ပါတယ်။ တချို့လူတွေက ပြောကြတာရှိတယ်။ လူငယ့်ညီလာခံအစည်းဝေးကို ကက်သလစ် လူငယ်များအတွက်ပဲ သီးသန့်ပြုလုပ်ရင် ပိုကောင်းလိမ့်မယ်လို့ အကြံပြုကြပါတယ်။ မဟုတ်ပါဘူး။ အဲ့ဒီညီလာခံ အစည်းအဝေးကို လူငယ်များအားလုံးရဲ့ညီလာခံ၊ လူငယ်များအားလုံးအတွက် ညီလာခံတစ်ခုအဖြစ် ရည်ရွယ်ထားပါတယ်။

ကက်သလစ် လူငယ်တွေ တင်မကဘဲ အခြားအခြားသော လူငယ်တွေအတွက်လည်း တံခါးဖွင့်ပေးထားတာပါ။ ယုံကြည်ခြင်းမှာ အားနည်းနေတဲ့သူတွေ၊ ဘုရားသွားကျောင်းတက်ပြုရတာကို စိတ်ပျက်ငြီးငွေ့နေတဲ့ လူငယ်တွေလည်း တက်ရောက်လာကြဖို့ ဖိတ်ခေါ်ဖွင့်လစ်ထားပါတယ်။ ဒီညီလာခံဟာ လူငယ်တွေရဲ့ညီလာခံ ဖြစ်တာမို့လူငယ်တွေ အချင်းချင်းပိုပြီး ရင်းနှီးစေချင်တယ်။ တစ်ယောက်နဲ့တစ်ယောက် နားထောင်ပေးစေချင်တယ်။ လူငယ်အယောက်စီတိုင်းရဲ့ ရင်ထဲမှာဖွင့်ဟပြောပြချင်တဲ့ ခံစားချက်တွေ အများကြီးရှိနေမှာပါ။ မိဘတွေကို ပြောချင်နေမလား၊ ဘုန်းကြီးတွေ၊ သီလရှင်တွေ၊ သိုးထိန်းဆရာတော်တွေနဲ့ ပက်သက်ပြီး ပြောချင်နေတာများရှိနေမလား။ လူငယ် တွေရဲ့ အသံတွေကို ကြားချင်ပါတယ်။ နားထောင်ပေးနေပါတယ်။

ပြီးခဲ့တဲ့နှစ် ခရက်ကောင်း ကမ္ဘာ့လူငယ်များနေ့မှာ ကျွန်ုပ်ပြောခဲ့တာ နှစ်ခုရှိပါတယ်။ တချို့တော့ မှတ်မိဦးမယ်ထင်ပါတယ်။ ပထမအချက်က လူငယ်တစ်ယောက် အသက်(၂၀)အရွယ်မှာ အနားယူ ပင်စင်ထိုင်လိုက်တာဟာ ဘယ်လိုမှုကြည့်မကောင်း တာအမှန်ပါပဲ။ နောက်တစ်ချက်ကြည့်မကောင်းတာက လူငယ်တစ်ယောက်ဟာ ဘာအလုပ်မှ မလုပ်ဘဲ တစ်နေကုန်တစ်နေခမ်း ဆိုဖာပေါ်ထိုင် ရုပ်ရှင်ကြည့်ဇိမ်ခံနေကြတာပဲ။ ယနေ့ခေတ်မှာ မမောမပန်း ကြိုးစား နေတဲ့လူငယ်တွေ အများကြီး လိုအပ်နေပါတယ်။

အနာဂတ်ကို မျှော်ကြည့်ပြီး အရှိန်ပြင်းပြင်းနဲ့ ရှေ့ဆက်နေတဲ့ လူငယ်တွေလိုတယ်။ ရှင်လုကားကျမ်းစာထဲမှာ မယ်တော်သခင်မက သိကြားတမန်ရဲ့အမိန့်တော်ပြန်ခြင်းကို ကြားပြီးနောက်မှာ အစ်မတော်ဖြစ်တဲ့ ဧလိဇဘက်ကအရေးတကြီး အကူညီလိုနေတာကို သတိပြုမိလိုက်ပါတယ်။ ဒါနဲ့ပဲဧလိဇဘတ်ရှိရာ တောင်ကြားအရပ်ကို အလျှင်အမြန်သွားရောက် ကူညီပေးခဲ့တယ်ဆိုတာကို ပြောပြထားပါတယ်။ မယ်တော်လိုမျိုး အလျှင်အမြန် စိတ်အားထက်သန်တဲ့လူငယ်တွေ ဖြစ်စေချင်ပါတယ်။ အလျှင်အမြန် ကူညီပေးရတာကို မမောမပမ်းနိုင်တဲ့ လူငယ်တွေ ဖြစ်စေချင်ပါတယ်။ ဘုရားရဲ့ခေါ်သံကို ကြားပြီး ဘုရားပေးတဲ့ဘဝတာဝန် တစ်ခုကိုထမ်းဆောင်ကြမယ့် လူငယ်တွေ လိုနေပါတယ်။ ရပ်တန့်မနေဘဲ အရှေ့သို့ချီတက်နေတဲ့ လူငယ်တွေဖြစ်ကြ ရပါ



မယ်။ လူငယ်တွေက ရှေ့ဆက်ချီတက် လျှောက်လှမ်းနေမှသာ ကမ္ဘာကြီးကိုလည်း ပြောင်းလဲနိုင်စွမ်း ရှိလာမှာပါ။

ဒါပေမဲ့ စိတ်မကောင်းစရာ တစ်ခုက လူငယ်တွေဟာ မေ့လျော့ခံထားကြရတယ်။ ချောင်ထိုးအမှောင် ချခံနေကြရတယ်။ လူငယ်တွေဟာ တစ်နေ့တစ်ခြား အလုပ် လက်မဲ့တွေ များလာနေကြတယ်။ လိုက်လျှောက်ရမယ့် မျှော်လင့်ချက်ပန်းတိုင်တွေ ဝေဝါးနေကြတယ်။ ပညာရေး မှာနောက်ကျပြီး အသိပညာတွေ ခမ်းခြောက် နေကြတယ်။ တချို့က နေရပ်ဒေသကို စွန့်ပြီးထွက်ပြေး တိမ်းရှောင်နေ ကြရတယ်။ လူငယ်တွေဟာ အပယ်ခံထားရတယ် ဆိုတာ ကိုပြောထွက်ဖို့ ကျွန်ုပ်ကိုယ်တိုင်လည်း ဆို့နင့်ခံစားရပါတယ်။ ဒါတွေကို ကျွန်ုပ်တို့တွေ သည်းမခံနိုင်တော့ပါဘူး။ လူငယ့်ညီလာခံကြီးမှာ ငါတို့ရဲ့လူငယ်တွေဟာ ဒီမှာရှိနေ ကြတယ်။ မေ့လျော့ခံ စွန့်ပစ်ခံ ချောင်ထိုးခံရမယ့် လူငယ်တွေမဟုတ်ဘဲ ဘဝတန်ဖိုး တစ်စုံတစ်ရာကို လက်ကမ်းပေး ဖို့ရှိနေကြပါတယ် ဆိုပြီး ကြွေးကြော်လိုက်ချင်ပါတယ်" လို့အရှင်သူမြတ် ပုပ်ဖရန်စစ်က လူငယ်တွေအပေါ်ထား ရှိတဲ့သူ့ရဲ့ မျှော်လင့်ချက်၊ ရပ်တည်ချက်တွေကို မိန့်ကြားခဲ့ ပါတယ်။

၂၀၁၈ခုနှစ်မှာပြုလုပ်မယ့် လူငယ့်ညီလာခံ အစည်းအဝေးကြီးဟာ အင်မတန် စိတ်လှုပ်ရှားစရာ ကောင်းပြီး စိတ်ဝင်စားဖွယ်အပြည့် ရှိနေပါတယ်။ လူငယ်တွေရဲ့ အနာဂတ်အတွက် အပြောင်းအလဲတွေ မွေးဖွားပေးမယ့်လူငယ့်ညီလာခံကြီးဟာ လောင်စာဆီအပြည့်နဲ့ခုတ်မောင်းဖို့ အဆင်သင့်ဖြစ်နေတဲ့ ရထားတစ်စင်းလို တာဆူလို့နေပါပြီ။ ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ်က မိမိရဲ့မိန့်ခွန်းကိုလည်း အရှိန်ပြင်းပြင်းနဲ့ ဆက်လက် မိန့်ကြားပြန်ပါတယ်။ "ကျွန်ုပ်တို့တွေဟာ လူငယ့်ညီလာခံကြီးနဲ့ ပနားမား ကမ္ဘာ့လူငယ်များနေ့ ပွဲတော်ကြီးအတွက် ချီတက်နေကြပါတယ်။ ဒီလိုချီတက်တဲ့နေရာမှာ စွန့်စားရခြင်း တွေလည်းရှိပါတယ်။ လူငယ်တွေဟာ စွန့်စားရခြင်း ဆိုတဲ့အလုပ်ကို မကြိုက်နှစ်သက်တော့ဘူးဆိုရင် အသက်ငယ်ငယ်နဲ့ အရွယ်မတိုင်ခင် အရွယ်အိုသွားရတဲ့ လူအိုကြီးတွေ ဖြစ်ကုန်ကြပါတယ်။ လူငယ်မှန်ရင် စွန့်စားရပါမယ်။ လူငယ်ပီပီ စွန့်စားရခြင်းကို နှစ်သက်ဖို့လိုပါတယ်။ ဒီနေ့ပစ္စုပ္ပန်မှာ မနက်ဖြန်ဆိုတဲ့ အနာဂတ်အတွက် ပြင်ဆင်ကြရပါမယ်။ မနက်ဖြန်ဆိုတာ တကယ်တော့ လူငယ်များရဲ့ လက်ထဲမှာပဲရှိပါတယ်။

လူငယ့်ညီလာခံ အစည်းအဝေးမှာ အမိအသင်းတော်ကြီးကလည်း လူငယ်တွေကိုနားထောင်ပေး နေပါတယ်။ မင်းတို့စဉ်းစားနေတဲ့အရာတွေ၊ ဖြစ်ချင်နေတဲ့ဆန္ဒတွေ၊ ဝေဖန်နေတဲ့အကြောင်းအရာတွေ၊ ဝမ်းနည်းစိုးရိမ်နေတဲ့ ပူပန်မှုတွေအားလုံးကို အမိအသင်းတော်က ကြားချင်နေပါတယ်။ အသင်းတော်က နွေဦးပေါက်ရာသီ အချိန်မျိုးကို အများကြီး လိုအပ်နေပါတယ်။ နွေဦးပေါက်ရာသီ အချိန်ဆိုတာ လူငယ်တွေရဲ့အချိန်အခါဥတုပါပဲ။ ဒီခရီးကို အတူတူလျှောက်လှမ်းကြဖို့ လူငယ်အားလုံးကို ကျွန်ုပ်ဖိတ်ခေါ်ချင်ပါတယ်။ ဒီခရီးကိုလျှောက်တဲ့အခါ မင်းတို့ရဲ့ပျော်ရွှင်ခြင်းတွေ၊ မျှော်ရည်မှန်းထားတဲ့ စိတ်ဆန္ဒတွေလည်း ယူခဲ့ပါ။ ကြောက်ရွံ့ခြင်းမရှိဘဲ၊ ရှက်စရာမလိုဘဲ သတ္တိရှိရှိနဲ့ အတူလျှောက်စေချင်ပါတယ်။ ဟုတ်တယ် သတ္တိလိုတယ်။ မကြောက်ပါနဲ့။ ရဲရဲဝံ့ဝံ့သာလာခဲ့ပါ။ နေ့တရှုဝ ကြုံတွေ့ရတဲ့ဘဝရဲ့ အလှအပတွေကိုလည်း နှစ်ခြိုက်ခံစားကြည့်ပါ။ ရှင်သန်နေတဲ့ အသက်တာအတွက် ကျေးဇူးတင်ပါ။ ယခုမိမိဖြစ်တည်နေတဲ့ အခြေအနေအတွက် ဘုရားရှင်အား ကျေးဇူးတင်လိုက်ပါ။ ဒါဟာ ကိုယ့်ဘဝပဲ ဒီအတွက် ကိုယ်တော့်ကို ကျေးဇူးတင်ပါတယ် လို့ပြောလိုက်ပါ။ တခါတလေမှာ ကိုယ်ဘယ်သူလဲဆိုတာ ကိုရှာရင်းရှာရင်းနဲ့ အချိန်တွေဖြုန်းပစ် တတ်ကြတယ်။ တကယ်တမ်း ငါဘယ်သူလဲ ဆိုတာကို ရှာဖွေဖို့ထက် ငါဘယ်သူအတွက် ဖြစ်တည်နေ တာလဲ ဆိုတဲ့ မေးခွန်းမျိုးကို မေးကြည့်ဖို့လိုပါတယ်။ မိမိကိုယ်ကို နောက်ထပ်မေးစေချင်တာက ဘာကြောင့်တစ်ခုခုကို ကိုယ်လုပ်နေတာလဲ ဆိုတဲ့မေးခွန်းပါ။ ဘဝတစ်ခုလုံးအတွက် ဘာကြောင့်ဒါကို လုပ်နေတာလဲ။ ကိုယ့်ကို စဉ်းစားစရာဖြစ်စေပြီး အဲ့ဒီအလုပ် ကိုလုပ်အောင် တွန်းပို့ပေးလိုက်တဲ့ တစ်စုံတစ်ရာကို ရှာ ဖွေကြည့်စေချင်ပါတယ်။ မှတ်ထားပါ။ အရေးကြီးတဲ့ ဘာသာစကား (၃)ခု ရှိပါတယ်။ စိတ်ရဲ့ဘာသာစကား၊ နှလုံးသားရဲ့ဘာသာစကား၊ လက်တွေ့ဆန်တဲ့ဘာသာစကားဆိုပြီး (၃)မျိုး ရှိပါတယ်။ နောက်ဆုံး နှလုံးသားရဲ့ ဘာသာစကား ထိရောက်အောင်သွားကြပါ။ ရပ်တန့်မနေဘဲ ရှေ့သို့ အမြဲချီတက်နေကြပါ။ နောက်ထပ်ပြော ချင်တာ တစ်ခုရှိပါသေးတယ်။ လူငယ့်ညီလာခံ အစည်းဝေးကြီးက စကားစမြည် ထိုင်ပြောတဲ့ နီးနောဖလှယ်ပွဲ တစ်ခု မဟုတ်သလို ကမ္ဘာ့လူငယ်များနေ့ ပွဲတော်ကြီး ကလည်း ဟေးလားဟားလား အပျော်သက်သက် ကျင်းပတဲ့ ပွဲတစ်ခု မဟုတ်ပါဘူး။

ဒီအစည်းအဝေး လူငယ်ပွဲတော်ကြီးနဲ့ ပတ်သက်ပြီး အလေးအနက်ထား ရှိစေချင်ပါတယ်။ ဘဝက ကျွန်ုပ်တို့ရဲ့လေးနက်မှုကို တောင်းဆိုနေပါတယ်။ လျော့ရိလျော့ရဲဖြစ်နေတဲ့ယနေ့ခေတ်ကာလမှာ အလေးအနက်ထားရှိတတ်ခြင်းဆိုတာက ပိုပြီးလိုအပ်လာပါတယ်။ ဘဝကိုလေးလေးနက်နက်နဲ့ ရှင်သန်တတ်ခြင်းကလည်း ကျွန်ုပ်တို့ရဲ့ဘဝ

ခေါ်တော်မူခြင်း တစ်ခုပါပဲ။ ကမ္ဘာကြီးကသူ့ရဲ့တာဝန်တွေကိုထမ်းဆောင်ဖို့လူငယ်တွေကိုပုခုံးပြောင်းထမ်းစေချင်နေတယ်။ အမိအသင်းတော်ကလည်း လူငယ်တွေကိုတာဝန်ကိုယ်စီပေးပြီး ယုံကြည်အားကိုးနေပါတယ်။ ကျွန်ုပ်ကိုယ်တိုင်ကလည်း သင်တို့ လူငယ်တွေကို ယုံကြည် မျှော်လင့်စွာနဲ့ တာဝန်တစ်ခုပေးချင်ပါတယ်။ အဲ့ဒါကတော့ သင်တို့ရဲ့ အဘိုးအဘွားတွေဆီကို ပြန်သွားကြပါ၊ စကားပြောကြပါ၊ ဆွေးနွေးကြပါ။ လူကြီးနဲ့လူငယ်ကြားမှာ လစ်ဟာနေတဲ့ တံတားတစ်ခု ပြန်တည်ဆောက်ကြပါ။ သူတို့နဲ့ စကားပြောတဲ့အခါ ငြီးငွေ့ ပျင်းခြောက်ဖွယ် ကောင်းရင်ကောင်းပါလိမ့်မယ်။ ဒါပေမဲ့ သူတို့ပြောတာကို သေချာ နားထောင်ကြည့်ပါ။ နောင်အနာ ဂတ်အတွက် သူတို့ထားရှိတဲ့ အိပ်မက်တွေကို ဖော်ဆောင် နိုင်ဖို့ သူတို့နဲ့စကားပြောမှသာ ဖြစ်နိုင်မှာပါ။

နောက်ဆုံးအနေနဲ့ ပြောချင်ပါတယ် လူငယ်များတို့ . . သတ္တိရှိကြပါ။ မှားမှာကိုမကြောက်ပါနဲ့။ လဲကျတာဟာ မင်း ပြဿနာမဟုတ်ပါဘူး။ အရေးကြီးတာက ပြန်ထပြီး ဆက်လျှောက်နိုင်ဖို့ပဲ။ မင်းတို့ရဲ့သတ္တိရှိမှုတွေအတွက် ဂုဏ်ယူစွာနဲ့ ကျေးဇူးတင်နေပါမယ်" ဆိုပြီး ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်က မိန့်ခွန်းပြောကာ လူငယ်များ အတွက် ကောင်းကြီးမင်္ဂလာပေးသွားခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ကျင်းပမယ့် ဒီလူငယ့်ညီလာခံ အစည်းအဝေးကြီး အတွက် ဆုတောင်းခြင်းနဲ့ လက်တွဲပါဝင်ကြဖို့ ဖိတ်ခေါ်ပါတယ်။ ကက်သလစ် လူငယ်တွေတင်မကဘဲ ဘာသာခြား လူငယ်တွေအတွက်ပါ ဖိတ်ခေါ်ထားတဲ့ လူငယ့်အစည်းအဝေးပွဲတော်ကြီး သန့်ရှင်းသော ဝိညာဉ်တော်ဘုရားရဲ့ အလင်းကျေးဇူး နဲ့အတူ အထမြောက် အောင်မြင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

(Reference –L'OSSERVATORE ROMANO, Friday; 14 April 2017)

သီကိုရှင်း

# အင်တာနက်ပေါ်က လူငယ်များအတွက် ဟစ်တိုင်

အမိအသင်းတော်က လူငယ်များကို ကူညီချင်ပါသည်။ ပုပ်ရဟန်းမင်းကြီးက လူငယ်များ၏ အသံကို နားထောင်နေပါသည်ဟု ဆိုသောအခါ ယုံတမ်းစကားပြောနေခြင်း မဟုတ်ပါ။ လူငယ်များ၏ အသံကို ကြားနိုင်ရန် လက်တွေ့ကြသော နည်းလမ်းဖြင့် ကြိုးစားနေပါသည်။ နိုင်ငံအလိုက်ဖြစ်စေ၊ ဂိုဏ်းချုပ် ဂိုဏ်းအုပ်သာသနာအလိုက်ဖြစ်စေ လူငယ်များအား စကားပြောခွင့်ပေးရန် နည်းလမ်းမျိုးစုံဖြင့် ရှာဖွေနေလျက်ရှိပါသည်။ အထူးသဖြင့် အင်တာနက်ကို အသုံးပြုကာ လူငယ်များအား ထုတ်ဖော်ပြောဆိုခွင့်ပြုထားသည်။ ကမ္ဘာ့နိုင်ငံ အတော်များများတွင် အင်တာနက် စာမျက်နှာများ ဖွင့်ထားသည်ကို အားတက်ဖွယ်ရာ တွေ့မြင်နိုင်သည်။

ဗာတီကန်ရှိ ရုံးတော်မှ အင်တာနက် စာမျက်နှာတစ်ခုကို ဖွင့်ထားပေးပြီး လူငယ်များ၏ အသံကို စုံလင်စွာ ကြားနိုင်ရန် ထောက်ကူပြု မေးခွန်းများလည်း ပေးထားသည်။ ထိုမေးခွန်းများ ဖြေကြားရာတွင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၁၆ နှစ်မှ ၂၉ နှစ် အတွင်းရှိ မည်သူမဆို ဝင်ရောက် ဖြေဆိုနိုင်သည်။ မေးခွန်းများ ဖြေဆိုရာတွင် ဖြေဆိုသူ မည်ဝါ မည်ဝါ ဖြစ်ကြောင်း ရေးရန်မလိုပါ။ ရာနှုန်းပြည့် "အမည်မသိ" ဖြစ်သည်။ ဤသို့ဖြင့် မိမိ ခံစားချက်ကို လွတ်လပ်စွာ ထုတ်ဖော်နိုင်စွမ်းကို ဖန်တီးထားပေးသည်။

ဝင်ရောက်ဖြေဆိုရမည့် နည်းလမ်းမှာ

၁။ အင်တာနက် စာမျက်နှာ http://youth.synod2018.va/content/synod2018/it.html တွင်ဝင်ပါ။

၂။ အောက်ပါ ပုံအပေါ် နှိပ်ကာ မေးခွန်းများအတွင်း ဝင်ရောက်ပါ။




၃။ နှစ်သက်ရာ ဘာသာစကား ကို ရွေးချယ်ပါ။ အီတာလျံ၊ အင်္ဂလိပ်၊ စပိန်၊ ပြင်သစ်၊ ပေါ်တူဂီ ဘာသာစကား ၅ မျိုးရှိသည့် အနက် နှစ်သက် ရာကို ရွေးချယ်ပါ။ ထို့နောက် ပေးထားသော စာလုံးများနှင့် ကိုက်ညီအောင်ရိုက်ထည့်ပြီး ပေါ်လာသည့် မေးခွန်းများကို ဖြေဆိုရမည်။

မေးခွန်းများမှာ စာရေးရန်မလိုဘဲ ပေးထားသော အဖြေများမှ ကိုက်ညီသည့် အရာကို ရွေးချယ်ရန်ပြုလုပ်ထားသဖြင့် ဖြေဆိုရန် လွယ်ကူသည်။ မေးခွန်း ၅၃ ခုကို အပိုင်း ၇ ပိုင်းခွဲထားသည်။ ဖြေဆိုသူ၏ အထွေထွေအကြောင်းအရာများ။ ကမ္ဘာကြီးနှင့် မိမိကိုယ် အပေါ် ထားရှိသော အမြင်။ ပေါင်းသင်းဆက်ဆံရေး။ ဘဝသက်တာ ရွေးချယ်မှု။ ဘာသာရေး၊ ယုံ ကြည်မှု နှင့် အသင်းတော်။ အင်တာနက် အသုံးပြုခြင်း။ နောက်ဆုံး အပိုင်းတွင် စိတ်ကြိုက် ရေးဖြေရမည့် မေးခွန်း ၂ ခုကို မေးထားသည်။ ပထမ မေးခွန်းမှာ "ကက်သလစ်အသင်းတော်အနေနှင့် တန်ဘိုးရှိပြီး ကျေနပ်စရာကောင်းသော အသက်တာကို ရှင်သန်နိုင်ကြရန် လူငယ်များအား မည်ကဲ့သို့ ဖေးကူနိုင်မည်နည်း။" သင်၏ အမြင်ကို ဖော်ပြပေးပါဟု မေးထားသည်။ ဒုတိယမေးခွန်းမှာ ဤမေးခွန်းများထဲတွင် မပါသော်လည်း သင် ပြောပြလိုသည်များကို ချရေးပါ ဟုလွတ်လွတ်လပ်လပ်ထုတ်ဖော်ပြောနိုင်သည့် မေးခွန်းဖြစ်သည်။

သန်းချီသော အဖြေလွှာများကို မည်ကဲ့သို့ ကိုင်တွယ်မည်နည်း။ မိမိဖြေလိုက်သော အဖြေများသည် အကျိုးဝင်ပါမည်လား ဆိုသည့် သံသယစိတ်များ ဝင်လာနိုင်ပါသည်။ သို့သော် ကြိုတင်ပြင်ဆင်ရေး ကော်မတီသည် ကျွမ်းကျင်သော ပညာရှင်များနှင့် ဖွဲ့စည်းထားသောကြောင့် ကိုင်တွယ်မည့် နည်းလမ်းများကိုလည်း ချမှတ်ထားပြီး ဖြစ်ပါသည်။

"လူမျိုး၊ ဘာသာမရွေး လူငယ်တိုင်း ဒီမေးခွန်းတွေကို ဝင်ရောက်ဖြေဆိုပိုင်ခွင့်ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူငယ်တိုင်း တစ်ယောက်မကျန် ကူညီဖေးမမှုကို ရယူဖို့ အခွင့်အရေးရှိကြသူတွေ ဖြစ်လို့ပါ။" ဟု ညီလာခံ ကျင်းပရေး ကော်မတီလူကြီး တစ်ဦးက ထုတ်ဖော်ပြောပြခဲ့သည်။

ဤ အင်တာနက်စာမျက်နှာတွင် ဖြေကြားထားသော အဖြေများနှင့် ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ် အသီးသီးမှ ပေးပို့လာသော အဖြေများကို ပေါင်းစပ်ကာ ယနေ့ ကမ္ဘာတွင် လူငယ်များ တွေ့ကြုံရင်ဆိုင်နေရသော ဘဝအခြေအနေများ၊ စိန်ခေါ်မှုများ၊ အားနည်းချက်အားသာချက် အဆိုး အကောင်းများကို ပုံဖော်နိုင်မည်ဖြစ်သည်။ ဤ အနေအထား အပေါ် အခြေခံကာ ညီလာခံတွင် ဆွေးနွေးမည့် အကြောင်းအရာများ၊ လုပ်ငန်းစဉ်များကို ချမှတ်ရေးဆွဲမည်ဖြစ်ကြောင်းလည်း ညီလာခံကျင်းပရေးအဖွဲ့က ဇန္နဝါရီလတွင် ရှင်းပြ ခဲ့သည်။

အသင်းတော် သမိုင်း တလျှောက်တွင် ဤကဲ့သို့သော ဓမ္မညီလာခံများ ကျင်းပရန် လိုအပ်သော အချက်အလက်များကို နိုင်ငံများ၏ဆရာတော်ကြီးများအဖွဲ့ချုပ်၊ ဂိုဏ်းချုပ် ဂိုဏ်းအုပ် သာသနာများနှင့် သူတော်စင်အသင်းဂိုဏ်းများမှသာ ကောက်ယူလေ့ရှိသည်။ အင်တာနက်ပေါ်တင်ကာ လူတိုင်းထံမှ အချက်အလက်ရယူသောလုပ်ရပ်မှာ ယခုညီလာခံသည် ပထမဦးဆုံး လုပ်ဆောင်ခြင်းဖြစ်သည်။ အသင်းတော် အနေနှင့် တိုးတက်လာသော နည်းပညာကို အကောင်းဆုံး အသုံးချခြင်းဟုလည်း ဆိုနိုင်သည်။

ညီလာခံကျင်းပရေး ကော်မတီက ပြင်ဆင်ခြင်းအဆင့်တွင် လူငယ်များ၏ အနေအထားကို မှန်ကန်တိကျစွာ သိနားလည်ရန် ကြိုးစားနေခြင်းဖြစ်သည်။ နေရာဒေသအလိုက် လူငယ်များ၏ ဘဝအတွေ့အကြုံများ ကွဲလွဲသည်မှန်သော်လည်း တူညီသော အချက်များရှိသည်ကိုလည်း ငြင်းပယ်မရနိုင်ပါ။ လူငယ်ထုရင်ဆိုင်နေကြရသော ဆင်းရဲမွဲတေမှု ပြဿနာ အလုပ်လက်မဲ့ပြဿနာ၊ လူကုန်ကူးမှုပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ အင်တာနက်နှင့် လူမှုရေး မီဒီယာတို့၏ ပြဿနာ၊ ပညာရေး အဆင့်အတန်း နိမ့်ကျသော ပြဿနာ စသည် အခက်အခဲမျိုးစုံသည် ကမ္ဘာတဝှမ်းလုံးတွင် ရင်နေရသော ပြဿနာများ ဖြစ်သည်။ ထိုသို့ ဆိုသော် လူငယ်များအကြားတွင် ကောင်းမွန်ခြင်းများ ပျောက်ဆုံးနေသည်ဟု မဆိုလိုပါ။ လူငယ်တို့၏ ပံ့ပိုးမှုကြောင့် လူ့အသိုင်းအဝိုင်းသည် ရှင်သန်တိုးတက်နေခြင်းဖြစ်သည်။ လူငယ်တို့၏ ရှာဖွေစူးစမ်းလိုခြင်း၊ တီထွင်ဆန်းသစ်လိုခြင်း၊ စွန့်လွှတ်စွန့်စားလိုခြင်း၊ လွတ်လပ်လိုခြင်း၊ တရားမျှတမှုကို မြတ်နိုးခြင်း စသည့် လူငယ်တို့၏ အပြုသဘောဆောင်သော သဘာဝကို လျစ်လျူရှုမထားနိုင်ပါ။

လူသားများအကြား စနစ်တစ်ခုမှ တစ်ခု ပြောင်းရာတွင် အနစ်နာခံရဆုံး၊ အထိခိုက် နာကျင်ခံရဆုံး သူများမှာ လူငယ်များဖြစ်သည်။ လူငယ်တို့၏ အသက်သွေးချွေးတို့သည် အစဉ်အမြဲ စတေးခံနေရသည်။ ထို့ကြောင့် မျက်မောက်ခေတ်ကာလတွင် လူငယ်များ ရင်ဆိုင်ဖြတ်သန်းနေရသော ခရီးကြမ်းနှင့် စိန်ခေါ်မှုအပေါင်းကို အမိအသင်းတော်မှ သိရှိခံစားရပြီး လူငယ်များအား အဖော်ပြုပေးလိုသည်၊ ဖေးမကူညီလိုသည်။ ဤသည်မှာ ညီလာခံ ကျင်းပရခြင်းအတွက် ပုပ်ရဟန်းမင်းကြီးနှင့် အသင်းတော်၏ ရည်ရွယ်ချက်ဖြစ်သည်။

ဤညီလာခံအားဖြင့် အသင်းတော်သည် လူငယ်များအကြား ဧဝံဂေလိတရားတော် ပြန့်ပွါးရေးအတွက်နှင့် သူတို့တစ်ဦးစီ၏ အသက်တာကောင်းကျိုးအတွက် ခံယူရရှိထားသော ကျေးဇူးတော်နှင့် ညီလျော်စွာ မှန်ကန်သော ဘဝလမ်းစဉ်ကို ရွေးချယ်နိုင်ကြရန် ကူညီဖေးမလိုခြင်းဖြစ်သည်။

အသင်းတော်တစ်ခုလုံးသည် လူငယ်များအား ကူညီရန် တာဆူနေသကဲ့သို့ မြန်မာပြည်ကက်သလစ်အသင်းတော်သည်လည်း လူငယ်များ၏ ဘဝအတွင်း ထိရောက်စွာ ဝင်ရောက် ကူညီနိုင်မည့် နည်းလမ်းကောင်းများစွာကို ရှာဖွေလျက်ရှိသည်ဟု ယုံကြည်ပါသည်။ မြန်မာနိုင်ငံကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ် လူငယ်ကော်မရှင် အနေနှင့် ဤညီလာခံ အခါသမယကို အခြေပြုလျက် မြန်မာပြည်သား လူငယ်များအား ဖေးကူညီနိုင်ပါစေကြောင်း ထပ်လောင်း ဆန္ဒပြုလိုက်ပါသည်။

# ကက်သလစ်စာရေးသူများအသင်း ဖြစ်မြောက်ရေး ပဏာမ အစည်းအဝေး



ရန်ကုန် ၁၂ ရက် ဇွန်လ ၂၀၁၇

မြန်မာပြည်ကက်သလစ်သာသနာအတွင်း စာပေးရေးသားခြင်း ပိုမိုထွန်းကားလာစေရန်နှင့် စာပေ ရေးသားရာတွင်လည်း ဝေါဟာရ အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံများ တပြေးညီ ဖြစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နိုင် မည့် နည်းလမ်းများ ဝိုင်းဝန်းရှာဖွေရေးအတွက် အစည်းအဝေးတစ်ရပ်ကို ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ကျောင်းတိုက်တွင် ဇွန်လ ၁၂ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းဝေးကို နံနက် ၉ နာရီတွင် စတင်ခဲ့ကြပြီး ဖါသာရ် စိုးနိုင်မှ သဘာပတိအဖြစ် ဆောင်ရွက်ကာ ကိုအောင်မင်းနောင်မှ အခမ်းအနားမှူးဖြစ် တာဝန်ယူခဲ့သည်။

အစည်းအဝေးသို့ ဆရာတော်ကြီးများ အဖွဲ့ချုပ် စာပေကော်မရှင် နာယကတောင်ကြီး ဂိုဏ်းချုပ် ဆရာတော်ကြီး ဘာစီးလျှို အားသိုက်၊ ပုသိမ် ဂိုဏ်းအုပ်ဆရာတော်ကြီး ဂျွန် မန်းဆိန်းဟို၊ ဖားအံဂိုဏ်းအုပ်ဆရာတော်ကြီး ဂျက်စတင်း စောမင်းသိုက်နှင့် တရားဓမ္မ ရေးရာ အသင်းမှ ဘုန်းတော်ကြီးများ မောရစ်ညွန့်ဝေ နှင့် မာရ်ကို ဦးတင်ဝင်း၊ ကက်သလစ်ရဟန်းဖြစ် တက္ကသိုလ်မှ ဘုန်းတော်ကြီးများ အန်ထော်နီ လင်းခွီရှိန်းနှင့် ဗညားနွယ်၊ သာသနာ အသီးသီးမှ လူထုဆက်သွယ်ရေး တာဝန်ခံများ နီးစပ်ရာ စာပေသမားများ တက်ရောက်ကြသည်။

ပထမဦးစွာ ကက်သလစ် ဟောဝါရများ တပြေးညီ ဖြစ်နိုင်ရေးနှင့် စပ်လျဉ်း၍ စာရေးသားရာတွင် တပြေးညီ ဖြစ်ရမည်ဟု အမိန့်ထုတ်ရန် မဖြစ်နိုင်ပါ။ ထို့ကြောင့် စိတ်တူကိုယ်တူ ရှိသူများ အနေနှင့် ပုံစံတစ်ခုတည်း တစိုက်မတ်မတ် ရေးခြင်းသာလျှင် ထိရောက်နိုင်မည်။ သို့သော် ထိုသို့လိုက်နာရေးသားနိုင်ရန် အထောက်အကူဖြစ်စေမည့် စာလုံးများ စုစည်းထားဖို့ လိုအပ်မည်။ ထို့ကြောင့် ကက်သလစ် ဝေါဟာရများကို စုစည်းထားသော စာအုပ်ထုတ်ဝေရန် ချမှတ်ခဲ့သည်။ စာအုပ်ဖြစ်မြောက်ရေး အတွက် တာဝန်ခံမှာ ဖါသာရ် စိုးနိုင်နှင့် ကို အောင်မင်းနောင်တို့မှ စီစဉ်မည်ဖြစ်သည်။ ကက်သလစ် ဝေါဟာရများ စာအုပ်ကို ၂၀၁၈ ခုနှစ် ဇွန်လတွင် အပြီးသတ်ထုတ်ဝေနိုင်ရန် ကြိုးစားဆောင်ရွက်ကြမည်ဟု ဆုံးဖြတ်ချက်ချမှတ် ခဲ့သည်။

ဆက်လက်ပြီး စာရေးသူများ အသင်းကို ဖွဲ့စည်းနိုင်ရေး အတွက် ဆွေးနွေးခဲ့ကြသည်။ အသင်းအမည်ကို "ကက်သလစ် စာရေးသူများ အသင်း" (Catholic Writiers Association - CWA) ဟု ပေးရန် သဘောတူကြသည်။ နာယက အဖြစ် ဆရာတော်ကြီး ဘာစီးလျှိုအားသိုက်၊ ဥက္ကဋ္ဌ ဖါသာရ် စိုးနိုင်၊ အတွင်းရေးမှူး ကို အောင်မင်းနောင် တို့အား အများသဘောတူ ခန့်အပ်ခဲ့သည်။

ဤအသင်းအား ပိုမိုကျစ်လစ် ခိုင်မာစေရန် ဆက်လက်ကြိုးစားဆောက်တည်သွားကြရန်၊ အသင်းသားများ တိုးပွါးလာစေရန် နည်းမျိုးစုံဖြင့် အားထုတ်ကြရန် သဘောတူခဲ့ကြသည်။

ဇွန်လ ၁၃ ရက်နေ့တွင် သာသနာ အသီးသီးမှ လူထုဆက်သွယ်ရေး တာဝန်ခံများ၏ အစည်းဝေးကို ဆက်လက် ကျင်းပခဲ့ကြသည်။ မိမိတို့ သာသနာ အသီးသီးတွင် လုပ်ဆောင်လျက်ရှိသော လုပ်ငန်းစဉ်များ အကြောင်းဝေမျှပြီး လာမည့် သုံးနှစ်တာ အတွင်း ဆောင်မည့် ရန်မှန်းချက်များကိုလည်း ဝေမျှခဲ့ကြသည်။

ဂိုဏ်းချုပ် ဂိုဏ်းအုပ် သာသနာများ အကြား အပြန်အလှန် အကျိုးပြုနိုင်ရန် ခိုင်မာသော ကွန်ရက် ဖေါ်ဆောင်နိုင်ရန်နှင့် တနိုင်ငံလုံး အတိုင်းအတာနှင့် လုပ်ငန်းများ အတူ လုပ်ဆောင်နိုင်ရန် နည်းလမ်းများ ဆက်လက်ရှာဖွေကြရန် သဘောတူခဲ့ကြသည်။

CBCM-OSC

# ပုပ်ရဟန်းမင်းကြီး၏ ဆရာတော်ဝါ ၂၅ ဝါပြည့် ငွေရတုဘီလီအခမ်းအနား



ဗာတီကန်၊ ၂၇ ရက် ဇွန်လ ၂၀၁၇

ပုပ်ရဟန်းမင်းကြီးသည် သူ၏ ဆရာတော် သိက္ခာခံယူခြင်း ၂၅ နှစ်ပြည့်သော နေ့တွင် ငွေစင်ဂျူဘီလီ အထိမ်းအမှတ် အဖြစ် ဗာတီကန်တွင်ရှိနေကြသော ကာဒီနယ်များအတူ မစ္ဆားပူဇော်ခဲ့သည်။

မစ္ဆားအတွင်း ဩဝါဒတွင် ပုပ်ရဟန်းမင်းကြီးက ဘုရားသခင်သည် အသက်ကြီးပြီဖြစ်သော အာဗြံကို ခေါ်သကဲ့သို့ မိမိအားလည်း ခေါ်ခဲ့ကြောင်း ဝေမျှခဲ့သည်။ အဖိုးတို့သည် မြေးများအား အသက်တာ၏ အနက်ကို သွန်သင်ပေးသကဲ့သို့ အဖိုးဖြစ်သော ကျွန်ုပ်သည်လည်း မြေးများအား သွန်သင် ပေးသင့်သော အရာများ သွန်သင်ရမည်၊ လမ်းကောင်းပြရမည်ဟု ကာဒီနယ်ကြီးများအား ဟောကြားခဲ့သည်။ ထို့ကြောင့် အဖိုးဖြစ်သူကျွန်ုပ်တို့သည် အတိတ်ကို လွမ်းဆွတ်တမ်းတကာ ဝမ်းနည်း မနေတော့ဘဲ ငယ်ရွယ်သူများအား အသက်တာ၏ လုပခြင်းများ ဉာဏ်ပညာများကို ငယ်ရွယ်သူ များအား သွန်သင်ပေးကြပါစို့ ဟု ဖိတ်ခေါ်ခဲ့သည်။ ယနေ့ကျမ်းစာတွင် ကြားခဲ့ရသော "ထပါ၊ အရှေ့ကို ကြည့်ပါ၊ မျှော်လင့်ပါ" ဟု ခိုင်းစေနေသော စကာလုံးများသည် ကျွန်ုပ်တို့အား အိပ်မက်ကိုယ်စီ ထားရှိရန် ဖိတ်ခေါ် ခြင်းဖြစ်သည်။ ဤ အိပ်မက်များကို ယနေ့ လူငယ်များထံ လက်ဆင့်ကမ်းပေးကြပါစို့၊ ဤ အိပ်မက်များမှ သူတို့၏ လုပ်ငန်းတာဝန်များကျေပွန်နိုင်ရန် ခွန်အားယူကြပါစေ။ ရှေ့ဆက်နိုင်ကြပါစေဟု ဆန္ဒပြုခဲ့သည်။

မစ္ဆားအပြီးတွင် ကာဒီနယ် တစ်ပါးချင်းစီအား လိုက်လံနှုတ်ဆက်ရင်း ကျေးဇူးတင်ခဲ့သည်။ အခန်းအတွင်းရှိ ဆက်သွယ်ရေးသမားများ၊ သတင်းထောက်များအားလည်း နှုတ်ဆက်ကာ ကျေးဇူးတင်ခဲ့သည်။

ဤသည်မှာ ပုပ်ရဟန်းမင်းကြီး၏ ရိုးရှင်းသော ငွေစင်ဂျူဘီလီ ပွဲပင် ဖြစ်သည်။

CBCM-OSC

## မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းခြင်း

မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏
အမှုဆောင် အတွင်းရေးမှူး ဖါသာရ် မောရစ် ညွှန့်ဝေ ၏
ကျေးဇူးရှင်ဖခင်ကြီး ဒါနီအဲလ် ဦးအေးဘသည်
ခရစ်တော်၌အိပ်ပျော်သွားကြောင်းသိရသည့်အတွက်
မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းရပါသည်။
ဒါနီအဲလ် ဦးအေးဘ၏ ဝိညာဉ်သည် အသနားတော်မြတ်ခံရ၍
ဘုရားရှင်၏ ရင်ခွင်တော်ဝယ် ငြိမ်းချမ်းစွာ ခိုနားရပါစေသော . . . ။

# ဖါသာရ် ဖော်တူနားတို ဂျက်ကောမင်း (Fr. Fortunato Giacomin) အား ခရစ်ယာန်သက်တာ၏ သန့်ရှင်းမြင့်မြတ်ခြင်း၌ စံပြပုဂ္ဂိုလ် ရဟန္တာအဖြစ်တင်မြှောက်နိုင်ရေး စတင်ဆောင်ရွက်

## မြန်မာပြည် ဆလေးရှင်းအသင်းဂိုဏ်း နယ်စီး အကြီးအကဲ၏ ပန်ကြားစာ

၁၁၊ ဇွန်လ၊ ၂၀၁၇
ချစ်လှစွာသောညီတော်နှော်တော်တို့။

မြန်မာပြည်ဆလေးရှင်းအသင်းဂိုဏ်မှသင်တို့အား ဆုတောင်း ရင်းနှတ်ဆက်လိုက်ပါသည်။ ကျွန်ုပ်ဤစာအား သုံးပါးတစ်ဆူပွဲနေ့၌ ရေးသားထားပြီးဆလေးရှင်းဘုန်းတော်ကြီး ဖော်တူနားတို ဂျက်ကောမင်း (၁၉၂၀-၂၀၀၀) အားသိကျွမ်းကြသော ကျွန်ုပ်၏ညီတော်နောင်တော် ဆလေးရှင်းများ၊ ဆလေးရှင်းမိသားစုဝင်များ နှင့် အခြားညီအစ်ကိုမောင်နှမများထံ ပေးပို့လိုက်ပါသည်။

ဆလေးရှင်းညီတော်၊နောင်တော်များနှင့် ဆလေးရှင်းမိသားစု၏ ပြင်ဆင်မှုများ ဖြစ်သော ဆုတောင်းမေတ္တာ နှင့် စဉ်းစားရှာဖွေမှုများအပြီးတွင် နယ်စီးအကြီးအကဲနှင့်သူ၏ အဖွဲ့ ဝင်များက ၂၀၀၀ ခုနှစ်၌ ပျံလွန်တော်မူခဲ့သောဘုန်းတော်ကြီး ဖော်တူနားတို ဂျက်ကောမင်း ၏ ရဟန္တာတင်မြှောက်ခြင်းဆိုင်ရာ အဆင့်ဆင့်ကို စတင်ရန် အားလုံးသဘောတူ ဆုံးဖြတ် ခဲ့ကြသည်။

ဤ ဘုန်းတော်ကြီး ဖော်တူနားတို ဂျက်ကောမင်း၏ ရဟန္တာတင်မြှောက်ခြင်းဆိုင်ရာအဆင့်ဆင့်အားစတင်ခြင်းဟူသော တက်ကြွရှင်သန်နေသောမီးတောက်ကို ကျွန်ုပ်တို့၏ အရှေ့တောင်အာရှ၏ ဆလေးရှင်းအကြီးအကဲ ဘုန်းတော်ကြီး ကလေးမင်း ဗားစ်လဖ် (Fr. Klement Vaclav) ၏(၂၀၁၆) ကာနွန်ဥပဒေအရ လာရောက်နယ်လှည့်ခြင်း (canonical visitation) ဖြင့်စတင်ခဲ့သည်။ သူနယ်လှည့်စဉ်တွင် အဖကာဒီနယ်ချားစ်ဘိုထံမှ ဘုန်းတော်ကြီး ဖော်တူနားတို ဂျက်ကောမင်း၏ ရဟန္တာတင်မြှောက်ခြင်းဆိုင်ရာအဆင့်ဆင့်အား စတင်ရန် သတင်းအားရရှိခဲ့သည်။

လွန်ခဲ့သောနှစ်များတွင်လည်း အဖကာဒီနယ်ချားစ်ဘိုသည် မြန်မာပြည်ဆလေးရှင်းများအား ဘုန်းတော်ကြီးဖော်တူနားတိုဂျက်ကောမင်း၏ ရဟန္တာတင်မြှောက်ခြင်းဆိုင်ရာ အဆင့်ဆင့်အား စတင်ရန် တိုက်တွန်းနေခဲ့သေးသည်။ ထို့အတူ ကာဒီနယ်၏အတန်းဖော်လည်းဖြစ်သလို၊ ဆလေးရှင်းအသင်းဂိုဏ်းဝင်ရန်ပြင်ဆင်ရသည့် တစ်နှစ်တာ၌လည်း အတူနေခဲ့သည့် (Novice Companion) ဖြစ်သူ ဘုန်းတော်ကြီး အက်ဒွက်စိန်မြင့်မှလည်း ဘုန်းတော်ကြီး ဖော်တူနားတို ဂျက်ကောမင်း အကြောင်းနှင့်ပတ်သက်၍ ကာဒီနယ် ပြောခဲ့သည့်အတိုင်း အကြံဉာဏ်ပေးခဲ့သည်။ ထိုပုဂ္ဂိုလ်နှစ်ဦးတို့သည် သူတို့ငယ်စဉ်မှစ၍ ဘုန်းတော်ကြီး ပျံလွန်တော်မူချိန်အထိ သူနှင့်အတူနေထိုင်ခဲ့ကြဖူးသည်။ ထိုအပြင် ဘုန်းတော်ကြီးသည် ဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းရှိခြင်းကို လည်းတွေ့မြင်ခဲ့ကြသည်။ ထို့အတူ ဘုန်းတော်ကြီးအသက်ရှင်စဉ် သူ့အားသိရှိပြီး သူနှင့်နေထိုင်ခဲ့ကာ၊ သူ၏သန့်ရှင်းစင်ကြယ်ခြင်းကို မြတ်နိုး၊ တန်ဖိုးထား၊လေးစားသော ဂိုဏ်းချုပ်ဆရာတော်များ၊ ဆရာတော်များ၊ ဆလေးရှင်းများ၊ ဘုန်းတော်ကြီးများ၊ သူတော်စဉ်များ များစွာရှိသေးသည်။ သူတို့၌လည်း ဤသန့်ရှင်းသော ပုဂ္ဂိုလ်နှင့်ပတ်သက်၍ ပြောစရာများစွာရှိသည်။

ကျွန်ုပ်တို့ မတတ်နိုင်၊ မသိနိုင်သော သင်တို့ပေးပို့သည့် အသံအားလုံးဖြင့် ဘုန်းတော်ကြီး ဖော်တူနားတို ဂျက်ကော်မင်း၏ ရဟန္တာတင်မြှောက်ခြင်းဆိုင်ရာ အဆင့်ဆင့်အား စတင် မည်ဖြစ်သည်။

နိဂုံးအနေဖြင့် ကျွန်ုပ်တို့၏ဂိုဏ်ချုပ်အကြီးအကဲ ဘုန်းတော်ကြီး Angel Fernandez Artime ၏ ၂၀၁၇၊ အောက်တိုဘာလ၊ ၂၇-၂၉ ရက်များ၌ပြုလုပ်ခဲ့သည့် သမိုင်းတွင်သော နယ်လှည့်ခရီးတွင် ဤဖြစ်စဉ်အား မြန်မာပြည်ဆလေးရှင်းများအတွက် မှတ် ကျောက်တစ်ခု ဖြစ်စေရန်အတွက် ကျွန်ုပ်တို့ အတူ ဤတန်ဖိုးရှိသောဖြစ်စဉ်ကိုစတင်ရန်ဆုံးဖြစ်ခဲ့ကြသည်။

ကျွန်ုပ်၏ အကြံပေးအဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်နှင့်အတူ ဆလေးရှင်းဘုန်းတော်ကြီး ဂျော့ကင်းရဲမောင်အား ဤရဟန္တာတင် မြှောက်ခြင်းဆိုင်ရာ အဆင့်ဆင့်အား စတင်ရန် တာဝန်ပေးထားခဲ့သည်။ ထိုဘုန်းတော်ကြီးသည် သင်တို့အား ဘုန်းတော်ကြီး ဖော်တူနားတို၏ သန့်ရှင်းခြင်းနှင့် စပ်လျဉ်းပြီး ဤသန့်ရှင်း၍ သိမ်မွေ့သော တာဝန်၌ လက်တွဲပါဝင်ပေးရန် သင်တို့ထံစာရေးအကူအညီးတောင်းပါလိမ့်မည်။ သင်တို့အားလုံးအား ကျေးဇူး အထူး တင်ရှိပါသည်။

သန့်ရှင်းခြင်း၏အကြောင်းတရားဖြစ်သော သုံးပါးတစ်ဆူဘုရားသည် ကျွန်ုပ်တို့ကို ဘုန်းတော်ကြီး ဖော်တူနားတို ၏ သန့်ရှင်းခြင်း၏ နက်ရှိုင်းခြင်းအား လှုံ့ဆော်၊ လမ်းညွှန်၊ ထုတ်ဖော် ပြပါစေသော်။ ကျွန်ုပ်တို့၏သန့်ရှင်းသောမယ်တော်သည်လည်း ကျွန်ုပ်တို့အား ကာကွယ် လမ်းညွှန်ပါစေသော်။

ခရစ်တော်၌၊
ဘုန်းတော်ကြီး စောချား(စ်)သီဟန်လွင SDB
မြန်မာနိုင်ငံနယ်စီးအကြီးအကဲ



ဖါသာရ် ဂျက်ကောမင်းဟု အများသိကြသော ဘုန်းတော်ကြီးသည် သူ့ဘဝ နောက်ဆုံးနှစ်များဖြစ်သည့် ၃၅ နှစ်တာ ကို ပြင်ဦးလွင်မြို့နယ်၊ အနီးစခန်းရှိ နာဇရက် ရဟန်းဖြစ်သင် ကျောင်းတွင်သာ ကုန်လွန် ခဲ့သည်။ သူ့ဘဝ သူ့ အသက်တာ အား မြန်မာပြည် သာသနာပြုလုပ်ငန်းခွင်အတွက် ပေးဆပ်မည်ဟူသော ပြင်းပြသည့် သာသနာပြု စိတ်ဓါတ်ဖြင့် နောက်ဆုံးထွက်အသက်ထိ ရှင်သန်ခဲ့သူဖြစ်သည်။

ဖါသာရ် ဂျက်ကောမင်း အား အီတလီပြည် ဘယ်လူနိဒေသ၊ ပါဒူးဝါး ဂိုဏ်းအုပ်သာသနာအတွင်းရှိ ဖွန်ဇာဆိုရွာတွင် ၁၉၂၀ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ဖွါးမြင်ခဲ့သည်။ အသက် ၁၆ နှစ်သားအရွယ် ၁၉၃၆ ခုနှစ်တွင် သာသနာပြု ဖြစ်ရန် ဆုံးဖြတ်ပြီး အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ အိန္ဒိယနိုင်ငံ ဘန်ဒယ်မြို့တွင် ၁၉၃၇ ခုနှစ် ဒီဇင်ဘာလ ၈ ရက် နေ့၌ ဆလေးရှင်း တစ်ပါးအဖြစ် ပထမသစ္စာ ပြုခဲ့သည်။

၁၉၃၉ ခုနှစ် ဇန္နဝါရီလ ၃၁ ရက်နေ့တွင် ဆလေးရှင်းများသည် ဖါသာရ် လဖုန်းကျောင်းအား လွှဲပြောင်းယူခဲ့သည်။ ထို ပထမဦးဆုံး ရောက်လာခဲ့သည့် ကိုရင်ငယ်လေး တစ်ပါးသည် ကျန်းမာရေးကြောင့် အိန္ဒိယသို့ ပြန်လည်သွားခဲ့ရသော အခါ ဘရာသာရ် ဂျက်ကောမင်းအား သူ့နေရာတွင် အစားထိုးရန် ၁၉၄၀ ခုနှစ် ဖေဖေါ်ဝါရီလတွင် မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့သည်။ သို့သော် ဒုတိယ ကမ္ဘာစစ်အရှိန်ရသောအခါ အီတလီသည် နာဇီဂျာမဏီဘက်မှ ပါဝင်ကာ အင်္ဂလိပ်တို့ ဦးဆောင်သော မဟာမိတ်အဖွဲ့ကို ဆန့်ကျင်တိုက်ခိုက်သောကြောင့် မြန်မာနှင့် အိန္ဒိယကို အုပ်ချုပ်နေသော အင်္ဂလိပ်များက အီတာလျံလူမျိုးများအား အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားခဲ့သည်။ ဖါသာရ် ဂျက်ကောမင်းသည် ထို အကျယ်ချုပ်အတွင်း၌ပင် ၁၉၄၅ ခုနှစ် စက်တင်ဘာ ၂၀ ရက်နေ့၌ ရဟန်းသိက္ခာခံယူခဲ့သည်။ ထိုနှစ် ၁၉၄၅ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာပြီး ၂၀၀၀ ခုနှစ် ဖေဖေါ်ဝါရီ ၇ ရက် ပျံလွန်သည် အထိ နေထိုင်ခဲ့သည်။ ပထမအကြိမ်ရော်ရှိသည့် အချိန်မှ စတင် ရေတွက်လျှင် ဖါသာဂျက်ကောမင်းသည် မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၆၀ နေထိုင်ခဲ့သည်။

၁၉၄၅ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ မန္တလေးမြို့ ဖါသာရ် လဖုန်းကျောင်းတွင် ကလျှာမျိုးစုံတွင် အမှုတော်ထမ်းဆောင်ခဲ့သည်။ ၁၉၅၇ မှ ၁၉၆၃ အထိ ကျောင်းအုပ်တာဝန်ယူကာ ယနေ့တိုင် တည်ရှိနေသော လေးထပ်တိုက် အဆောင်ကို ဆောက်လုပ်ခဲ့ပြီး ကျောင်းသားဦးရေ မှာလည်း ၃ ထောင်ကျော်သည်အထိ တိုးတက်ခဲ့သည်။

၁၉၆၃ ခုနှစ်တွင် ရန်ကုန် သယ်န်းကျွန်း သာသနာအုပ်စု၏ ကျောင်းထိုင်နှင့် ဒွန်ဘော့စကိုစာသင်ကျောင်း၏ ကျောင်းအုပ် အဖြစ်မှုထမ်းခဲ့သည်။ ၁၉၆၅ တွင် အနီးစခန်း၌ ရဟန်းလောင်း ကိုရင်များအတွက် စာသင်တိုက်ကို တည်ထောင်ဖွင့်လှစ်ပြီး ထိုကျောင်း၏ ပထမဦးဆုံး ကျောင်းအုပ် အဖြစ်တာဝန်ယူ ခဲ့ရသည်။

၁၉၆၆ ခုနှစ်တွင် ဆိုရှယ်လစ် အစိုးရမှ နိုင်ငံခြားသာသနာပြုများ မြန်မာနိုင်ငံမှ ထွက်ခွါရန် အမိန့်ထုတ်ခဲ့သော်လည်း ထွက်ခွါရမည့်သူများ စာရင်းတွင် မပါဝင်သောကြောင့် မြန်မာနိုင်ငံတွင် ဆက်လက်နေထိုင်ခွင့် ရရှိခဲ့သည်။

ဖါသာရ်ဂျက်ကောမင်းသည် သူ၏ ကျန်နေသော နှစ်များကို အနီးစခန်းတွင်သာ ကုန်လွန်ခဲ့ပြီး ခက်ခဲကြမ်းတမ်းမှုများစွာထဲမှ မြန်မာပြည် သာသနာလုပ်ငန်းခွင် အတွက် လူငယ်များအတွက် ရှေးရှုသော ဆလေးရှင်းလုပ်ငန်းများကို မြန်မာနိုင်ငံ တွင်ဆက်လက်ရှင်သန်နေစေသူဖြစ်သည်။

သူ၏နောက်ဆုံးနှစ်များတွင် အာပတ်ဖြေနားထောင်ခြင်း၊ ဝိညာဉ်ရေးလမ်းညွှန်ခြင်း တို့ဖြင့် ဆလေးရှင်းများ အတွက်သာမက၊ မြန်မာပြည် အသင်းတော်အတွက်၊ လူငယ်များစွာ အတွက်လည်း တိတ်ဆိတ်စွာ ကောင်း ကျိုးပြုခဲ့သူ ဖြစ်သည်။

# ဖိလစ်ပိုင်နိုင်ငံမှ အာရှသမ္မာတရားအသံလွှင့်ဌာန၏ အွန်လိုင်းမီဒီယာသင်တန်းပို့ချခြင်းသတင်း



အာရှသမ္မာတရား အသံလွှင့်ဌာန ရေဒီယိုထုတ်လွှင့်ခြင်း အစီအစဉ်မှ အွန်လိုင်းမီဒီယာအဖြစ်ပြောင်းလဲတင်ဆက်မည်ဖြစ်သည့်အတွက် အွန်လိုင်းမီဒီယာ သင်တန်းကို ဖိလစ်ပိုင်နိုင်ငံတွင် ဧပြီလ ၁၇ မှ ဇွန်လ ၁၆ ရက်နေ့ထိ နှစ်လကြာ သင်တန်းပို့ချပေးခဲ့ပါသည်။

အဆိုပါသင်တန်းသို့ အာရှအတွင်းရှိနိုင်ငံအသီးသီးမှ ဘာသာစကားပေါင်း ၁၇ ခုမှ ရေဒီယိုအစီအစဉ်တင်ဆက်သူ ကိုယ်စားလှယ်များ (၃၀) ကျော် ပါဝင် တက်ရောက် ခဲ့ကြပါသည်။

အွန်လိုင်းမီဒီယာပို့ချချက်များမှာ Pastoral communication (သိုးထိန်း လုပ်ငန်းခွင် လူမှုဆက်သွယ်ရေး) အား ဘုန်းတော်ကြီး အိုင်လာ့စ် (Fr. EILERS)၊ Basic Journalism & Broadcasting (အခြေခံသတင်းပညာနှင့် သတင်းထုတ်ပြန် ခြင်း) အား မစ္စ အဲနီ လမ်း (Ms. ANNIE LAM)၊ Competence on camera & Smart Phone Digital Photography (စမတ်ဖုန်းနှင့် ကင်မရာအသုံးချ ဒစ်ဂျစ်တယ် ဓါတ်ပုံစွမ်းရည်) အား မစ္စတာ အေမာနအဲလ် (MR.EMMANUEL ORDINARIO)၊ Multi Media storytelling using Smartphones (စမတ်ဖုန်းများဖြင့် ဖြစ်စဉ်များ၊ သတင်းများအား ပြန်လည်ပြောကြားဝေမျှခြင်း) အား ဂတ်စကဲလ် နှင့် ယောဇက် (JOJ GASKELL and JOSFED AIFARO)၊ Journalism in event coverage Face to Face interview ဖြစ်စဉ်ပေါ် သတင်းယူခြင်းနှင့် မျက်နှာခြင်းဆိုင် တွေ့ဆုံမေးမြန်းခြင်းအား ပရောဖက်ဆာ ဗီရေး (PROF. VI-RAY)၊ Social Media For Content Creators (ဖန်တီးသူတို့အတွက် လူမှုရေး မီဒီယာ) အား ဂျိုးဇက် အူဘာလ် (JOSEPH UBALED)၊ Digital Media Editing (ဒီဂျစ်တယ် မီဒီယာတည်းဖြတ်ခြင်း) အား မစ္စတာ အေမာနအဲလ် (MR.EMMANUEL ORDI-NARIO)၊ SCRIPTURE AND LITURGY (သမ္မာကျမ်းစာနှင့် ဝတ်ပြုခြင်း) အား ဆရာတော် ဘက်ကာနီ (BISHOP BACANI)၊ Content Session Overview (ပြန်လည်ခြုံငုံသုံးသပ်ခြင်းအား ) အား ဖါသာရ် ဂေဗြီ FR.GABRIEL တို့က သင်ကြားပို့ချ ပေးခဲ့ကြပါသည်။

သင်တန်းသို့ တက်ရောက်လာကြသူများသည် ရေဒီယိုထုတ်လွှင့်တင်ဆက်သူများသာဖြစ်သည့်အတွက် ယခုအွန်လိုင်းမီဒီယာသင်တန်းတွင် ပါဝင်ခွင့်ရရှိခြင်းဖြင့် အွန်လိုင်းမီဒီယာကို ကောင်းမွန်စွာ ပိုမိုသိရှိခဲ့ကြကြောင်း၊ သင်တန်းတွင်း ပို့ချချက်များမှ သင်ယူ ရရှိခဲ့သည်များကို အကောင်းဆုံး လက်တွေ့ လုပ်ဆောင်သွားကြမည် ဖြစ်ကြောင်း၊ သင်တန်းဆင်းပွဲ နှင့် နှုတ်ဆက်ပွဲတွင် သာဘာစကားအသီးသီးမှ ကိုယ်စားလှယ်များက ပြောကြားခဲ့ကြပါသည်။

သင်တန်းတွင်း ပို့ချခဲ့သည့် အရာများအားလုံး အနှစ်ချုပ်အဖြစ် မိသားစုရေးရာ၊ နိုင်ငံယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင်၊ ဆိုရှယ်မီဒီယာ စသည့် ခေါင်းစဉ်များအောက်မှ ကြိုက်နှစ်သက်ရာကို တစ်ခုကို ဆယ်မိနစ်စာ ဗီဒီယို ဇာတ်လမ်းတစ်ပုဒ် ဖန်တီးစေခဲ့ပြီး ဇာတ်လမ်း အရေးအသားဗီဒီယိုရိုက်ကူးခြင်း၊ တည်းဖြတ်ခြင်း စသည်တို့ကို ကြည့်ရှုပြီး အမှတ်ပေးရာ ပထမဆုအဖြစ် Hindi Service, ဒုတိယ ဆုအဖြစ် Sinhala Service, တတိယဆု အဖြစ် Urdu Service နှင့် Myanmar Service တို့က ရရှိခဲ့ကြပါသည်။

အွန်လိုင်းမီဒီယာ သင်တန်း ပြီးဆုံးသည့်အခါတွင် မိမိတို့ တိုင်းပြည်သို့ ပြန်သည့် အခါတွင် လုပ်ဆောင်ရမည့် အွန်လိုင်းမီဒီယာ အစီအစဉ် ခေါင်းစဉ်ရှစ်ခုဖြစ်သည့်

Thouht of the day
(တနေ့တာ၏ စဉ်းစားတွေးခေါ်မှု)

Homilly ( ဩဝါဒ )

Climate change ( ရာသီဥတု ပြောင်းလဲမှု)

Religious news
(ဘာသာရေးသတင်း)

Family /Youth ( မိသားစု၊ လူငယ်)

Influncers (saint/ hero)
(စံပြပုဂ္ဂိုလ်များ - ရဟန္တာ၊ သူရဲကောင်း)

Pope message
(ပုပ်ရဟန်းမင်းကြီး၏ သတင်းစကား )

Local church news
(ဒေသတွင်းအသင်းတော် သတင်းများ )

စသည့်ခေါင်းစဉ်များအောက်မှ မိမိတို့ကြိုက် နှစ်သက်သည့် အစီအစဉ် ငါးမျိုးကို အွန်လိုင်းမီဒီယာ အစီအစဉ်တွင် လုပ်ဆောင်ကြရမည် ဖြစ်သည်။

အဆိုပါ အွန်လိုင်း အစီအစဉ်ကို လုပ်ဆောင်ရင်း ရေဒီယိုအစီအစဉ်ကိုလည်း ဆက်လက် လုပ်ဆောင်နေမည်ဖြစ်ပြီး ဇွန်လ ၂၀၁၈ ခုနှစ်တွင် ရေဒီယို အစီအစဉ်ထုတ်လွှင့်ခြင်းအား ရပ်ဆိုင်းသွားမည်ဖြစ်ပါသည်။

အာရှသမ္မာတရား အသံလွှင့်ဌာန အနေဖြင့် ရေဒီယို ထုတ်လွှင့်ရသည့်ကုန်ကျစရိတ် ကြီးမားခြင်းကြောင့် ယခုကဲ့သို့ အွန်လိုင်းကို ပြောင်းလဲလုပ်ဆောင်ရခြင်းဖြစ်သည်ဟု သိရှိရပါသည်။

ပင်ကီ ( MDY-OSC/RVA)

# အခြေခံသမ္မာကျမ်းစာသင်တန်း



တောင်ကြီးကက်သလစ်သာသနာ တောင်ကြီးမြို့ ဘုရားဖြူတွင်ရှိ ငြိမ်းချမ်းခြင်းသခင်မ ကရုဏာရေးသီလရှင်ကျောင်း တွင် ဇွန်လ (၁၈) ရက် မှ စတင်ကာ (၂၂) ရက်နေ့အထိက ရုဏာရေးသီလရှင်များအတွက် အခြေခံသမ္မာကျမ်းစာသင်တန်း တစ်ရပ်ကို ပြုလုပ်ခဲ့သည်။

ထိုသို့ ကရုဏာရေးသီလရှင်များအတွက် အခြေခံသမ္မာကျမ်းစာသင်တန်းပြုလုပ်ခြင်းသည် ယခုအခါတွင် ပထမအကြိမ်ဖြစ်ကြောင်းသိရသည်။ သင်တန်းကို ဦးဆောင် ပို့ချပေးခဲ့သူများမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ သမ္မာကျမ်းစာကော်မရှင်မှ တာဝန်ခံဘုန်းတော်ကြီး စောဘောစကို၊ ဘုန်းတော်ကြီး အေတီပေါလ် (တောင်ကြီးကက်သလစ်သာသနာ) နှင့် စစ္စတာရ် အက်စတယ်ဇောင်နန်း တို့ဖြစ်ကြပြီး စုစုပေါင်း သင်တန်းတက်ရောက်သူ သီလရှင်ဦးရေမှာ(၄၀) ဖြစ်ကြောင်းသိရှိရပါသည်။

CBCM-Bible Commission

# ဒဿနိကဗေဒဌာန စိန့်ဂျိုးဇက်ရဟန်းဖြစ်တက္ကသိုလ်သို့ ဆရာတော်များကြွရောက်အားပေး



ပြင်ဦးလွင် ၁၃ ရက် ဇွန်လ ၂၀၁၇

ပြင်ဦးလွင် အမှတ်၂၂ ချယ်ရီလမ်းတွင် ဖွင့်လှစ်ထားသော ဒဿနိကဗေဒဌာန စိန့်ဂျိုးဇက်ရဟန်းဖြစ်တက္ကသိုလ်သို့ဇွန်လ ၁၃ ရက်နေ့တွင် မန္တလေးဂိုဏ်းချုပ်သာသနာလက်အောက်ရှိ ဆရာတော်ကြီး (၆) ပါးတို့သည် ကြွရောက်၍ ရဟန်းလောင်းကိုရင်များအား အားပေးစကား ချီးမြှင့်ခဲ့ကြပါသည်။

အဆိုပါဆရာတော်များမှာ (၁) မန္တလေးဂိုဏ်းချုပ် ဆရာတော်ကြီး ပေါလ်ဇိန်ထုန်းဂရောင် (ငြိမ်း)၊ (၂)မန္တလေးဂိုဏ်းချုပ်သာသနာပိုင်ဆရာတော်ကြီး နီကော့လပ်စ်မန်ထန်း၊ (၃)ကလေးဂိုဏ်းအုပ်သာသနာပိုင်ဆရာတော်ကြီး ဖိလစ်လျန်ခန်းထန်၊ (၄) လားရှိုးဂိုဏ်းအုပ်သာသနာပိုင် ဆရာတော်ကြီး ဖိလစ်ဇပေါင်း၊ (၅) မြစ်ကြီးနားဂိုဏ်းအုပ်သာသနာပိုင် ဆရာတော်ကြီး ဖရန်စစ်ဒေါ့တန်၊ (၆)ဗန်းမော်ဂိုဏ်းအုပ်သာသနာပိုင်ဆရာတော်ကြီး ရေမွန်ဆွမ်လွတ်တို့ ဖြစ်ကြပါသည်။

ဦးစွာပထမ ရဟန်းဖြစ်တက္ကသိုလ်အား ကူညီလုပ်ကိုင်ပေးနေသော ဂရုဏာရေးသီလရှင် အသင်းဂိုဏ်း ကျောင်းဆောင်အသစ်ဖြစ်သည့် Holy Familt Convent အားဆရာတော်ကြီးနီကော့လပ်စ်မန်းထန်မှ ဦးဆောင်ပြီး ဆရာတော်ကြီး (၃) ပါးနှင့်အတူ ဖဲကြိုးဖြတ်ကောင်းချီးပေး ဖွင့်လှစ်ခဲ့ပါသည်။

ထို့နောက် ခန်းမဆောင်အသစ်ဖြစ် သော St.Paul Miki ခန်းမဆောင်သစ်အား ဆရာတော်ကြီး ပေါလ်ဇိန်ထုန်းဂရောင်မှဦးဆောင်ပြီး ဆရာတော်ကြီး (၃) ပါးနှင့်အတူ ဖဲကြိုးဖြတ်၊ ကောင်းချီးပေး ဖွင့်လှစ်ပေးခဲ့ပါသည်။ ဆက်လက်ပြီး ဆရာတော်ကြီးများနှင့် ရဟန်းလောင်း ကိုရင် ကျောင်းသားများ ရင်းနှီးစွာတွေ့ဆုံပြီး ဆရာတော်တစ်ပါးဆီ အလှည့်ကျ အားပေးစကား ပြောကြားခဲ့ပါသည်။

ထို့နောက် ဆရာတော်ကြီးများ၊ စာချရဟန်းတော်များ၊ ကိုရင်များနှင့် ဘာသာသူ ညီအစ်ကိုမောင်နှမများ မစ္ဆားတရားတော်တွင် အတူတကွ ပါဝင်ခဲ့ကြပါသည်။ မစ္ဆားတရား တော်ကို ဆရာတော်ကြီး ဖိလစ်လျန်ခင်ထန် မှဦးဆောင်ပူဇော်ပြီး တရားရေအေး တိုက်ကျွေးခဲ့ပါသည်။

Bro. ခရစ္စတိုဖာ မောင်နန်းဝင်း

# ဘာသာပေါင်းစုံမိတ်ဆုံစားပွဲနှင့် စုပေါင်းဝါဖြေပွဲအခမ်းအနား



စစ်ကိုင်းမြို့ ၁၇ ရက် ဇွန်လ ၂၀၁၇။

ဘာသာပေါင်းစုံမိတ်ဆုံစားပွဲနှင့် စုပေါင်းဝါဖြေပွဲ အခမ်းအနားတစ်ရပ်ကို စစ်ကိုင်းနှင့် The Seagull အဖွဲ့တို့မှ ပူပေါင်းကြီးမှူး၍ စစ်ကိုင်းမြို့၊ မြို့မ ဗလီဝတ်ကျောင်းတော်တွင် ၂၀၁၇၊ ဇွန်လ ၊ ၁၇ ရက်နေ့၌ကျင်းပခဲ့ကြပါသည်။

အခမ်းအနားကို ညနေ ၅း၃၀ တွင် စတင်ကျင်းပခဲ့ပြီး ပထမဦးစွာ စစ်ကိုင်းမြို့ မြို့မဗလီအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမြင့်သိန်း မှ ကြိုဆိုနှုတ်ခွန်းဆက် စကားမိန့်ကြားခဲ့ပါသည်။ ၎င်းနောက် ဘာသာရေးခေါင်းဆောင် အသီးသီးများ ဖြစ်ကြသော ဆရာတော်အရှင် အရိယဝံသဘိဝံသ (မန္တလေးမြို့- မြဝတီမင်းကြီးကျောင်းတိုက်ပဓါနနာယကဆရာတော်)၊ဘုန်းတော်ကြီးမာကုဦးတင်ဝင်း (မန္တလေးကက်သလစ်သာသနာ၊ ရွှေနလုံးတော်ကာသီဒြယ်ဘုရားကျောင်း -ကျောင်းထိုင် ဘုန်းတော်ကြီး )၊ အရှင်ရာမ စန္ဒြာဒါးစ် (မန္တလေးခရိုရ်နာ ဘာဝနာအသင်းကြီး ၏ နာယကဆရာတော်)၊ ဆရာဦးစိုးနေဦး (ရှေ့ဆောင်ဆရာ- စစ်ကိုင်းမြို့-မြို့မဗလီ ဝတ်ကျောင်းတော်) တို့မှ ဥပုသ်သီလ ဆောက်တည်ခြင်းနှင့်ပတ်သက်သော ဘာသာ အသီးသီး၏ အယူအဆများ၊ လက်ခံကျင့် သုံးကြသော သဘောတရား သိမ်မွေ့မှုများကို ဟောကြားတော်မူခဲ့ပါသည်။

ထို့နောက် စစ်ကိုင်းမြို့ မြို့မိမြို့ဖ ဦးစိုးနိုင်မှ ဝမ်းမြောက် ကြောင်းသတင်းစကား နှင့် အခမ်းအနားကို ပူးပေါင်းပါဝင်ခဲ့သော The Seagull လူမှုရေးအသင်း၏ အစီအစဉ် ညွှန်ကြားရေးမှူး ဦးသူရိန်ရွှေတို့မှ ကျေးဇူးတင်စကား ပြောကြား ခဲ့ကြပါသည်။ အဆိုပါ အခမ်းအနား ကိုဘာသာပေါင်းစုံမှ ငြိမ်းချမ်းရေး လိုလားသူများ နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

William (MDY-OSC)

**ကက်သလစ် စာပေ ဝါသနာရှင်များအား ကက်သလစ် စာရေးသူများအသင်း (Catholic Writiers Association - CWA) အဖွဲ့ဝင်များအဖြစ် ပါဝင်နိုင်ကြရန် ဖိတ်ခေါ်ပါသည်။ စာပေဖြင့် သတင်းကောင်းဖြန့်ဝေကြပါစို့။**

# ကျန်းမာရေးအသိပညာပေးခြင်းနှင့် နယ်လှည့်ဆေးကုသခြင်း

မန္တလေး ကက်သလစ်သာသနာ ကျန်းမာရေးကော်မရှင်မှ Fr. Dr. ဒေါမိနစ်ဦးသီဟ ဦးဆောင်သော နယ်လှည့် ဆေးကုသရေးအဖွဲ့သည် စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်၊ ချောင်းရိုးကျေးရွာ၌ ခရစ္စယာန်တို့အား မှိုင်းမတော်မူသော သခင်မဘုရားကျောင်း ကျောင်းထိုင်ဘုန်းတော်ကြီး Fr.ဩဂုတ်စတင်းဦးဝင်းမြင့်၏ ပူးပေါင်းပါဝင်မှုဖြင့် ချောင်းရိုးကျေးရွာအနီး ပတ်ဝန်းကျင်ရှိဘာသာတူ ညီအစ်ကို မောင်နှမများအား နယ်လှည့်ဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများကို ၂၀၁၇ ဖွန်လ ၁၀ ၊ ၁၁ ရက်နေ့များတွင် ပြုလုပ်ခဲ့ကြပါသည်။

နယ်လှည့် ဆေးကုသရေးအဖွဲ့တွင် အထွေထွေရောဂါကုဆရာဝန် (၃) ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန် (၄) ဦး၊ သူနာပြု (၇) ဦး ၊ ဆေးဝါးကျွမ်းကျင် (၂)၊ဓါတ်ခွဲခန်းပညာရှင် (၂) ဦးတို့ ပါဝင်ကြပါသည်။



အဆိုပါ (၂) ရက်တာ ကာလအတွင်း စုစုပေါင်းလူနာ (၃၄၄) ဦးကို ကုသပေးခဲ့ကြပါသည်။ ကျန်းမာရေး အသိပညာပေးမှုအနေဖြင့် Dr. ဂျာခေါင်မှ သွေးလွန်တုပ်ကွေးရောဂါ (သတိပြုရမည့် အချက်များ၊ ကာကွယ်ရေး)နှင့် သွေးတိုးရောဂါအကြောင်း သိကောင်းစရာများကို ဝေငှခဲ့ပြီး၊ Fr. Dr. ဒေါမိနစ်ဦးသီဟ မှ ကင်ဆာ ရောဂါအကြောင်း သတိပြု ဆင်ခြင်ဖွယ်ရာများ၊ Dr.ထက်နိုင်ဝင်းနှင့် Dr.ကျော်မင်းသက်တို့မှ သွားနှင့်ခံတွင်း ကျန်းမာရေးအတွက် သိကောင်းစရာများကို အသီးသီးဟောပြောပို့ချခဲ့ကြပါသည်။

ယခုကဲ့သို့ နယ်လှည့်ကျန်းမာရေး အသိပညာပေးခြင်းနှင့် ဆေးကုသခြင်း အစီအစဉ်ကို အဆိုပါ ကုသရေးအဖွဲ့ အနေနဲ့ အခါအားလျော်စွာ ပြုလုပ်ပေးလျှက်ရှိသည်။ မန္တလေး ကက်သလစ်သာသနာ ကျန်းမာရေးကော်မရှင်၏ လက်အောက်တွင်ရှိသော စိန့်ဖေးဗီးယား ကုသိုလ်ဖြစ် ဆေးခန်းကို အမြဲတမ်းအနေဖြင့် ၇၅ လမ်း၊ ၂၈×၂၉ လမ်းကြားရှိ စိန့်ဖေးဗီးယား ဘုရားရှိခိုးကျောင်း၌ ဘာသာပေါင်းစုံ ညီအစ်ကိုများအတွက် ဖွင့်လှစ်ထား ရှိပါသည်။

William (MDY-OSC)

# အဖေများနေ့အခမ်းအနားနှင့် သေလွန်သူတို့၏ ဝိညာဉ်များအတွက်ဆုတောင်းပေးခြင်း





မန္တလေးကက်သလစ် ဂိုဏ်းချုပ်သာသနာ စိန်လာဇရူး နာရေး ကူညီမှုနှင့် သင်္ချိုင်းပြုပြင် ထိန်းသိမ်းရေးအသင်းမှ ဦးဆောင်၍ အဖေများနေ့ အထိမ်းအမှတ်အဖြစ် ဖွန်လ (၆)ရက်၂၀၁၇ ရက်နေ့ နံနက် ၉:၀၀ နာရီတွင် မန္တလေးကက်သလစ် သင်္ချိုင်းတော် (အေးရိပ်ငြိမ်း) တွင် မစ္ဆားတရားပူဇော်ခြင်းနှင့် သေလွန်သူတို့အတွက် ဆုတောင်းပွဲကို ကျင်းပခဲ့ကြပါသည်။

မစ္ဆားတရားတော်မြတ်ကို နံနက် ၉:၀၀ နာရီတိတိတွင် စတင်ခဲ့ပြီးမစ္ဆားတရားတော်မြတ် အပြီးတွင် သေလွန်သူတို့၏အုတ်ဂူများကို ကောင်းချီးပေးခြင်းနှင့်အဆုံးသတ်ခဲ့ပါသည်။ စိန်လာဇရူး နာရေးကူညီမှုနှင့် သင်္ချိုင်းပြုပြင် ထိန်းသိမ်းရေးအသင်း ဥက္ကဋ္ဌ ဘုန်းတော်ကြီး ဂျွန်ဦးစိုးတင့်မှ ဩဝါဒစကား မိန့်ကြားရာတွင် သေလွန်သူတို့အတွက်ဆုတောင်းပေးသလို အသက်ရှင်လျက်ရှိသော ဖခင်များအတွက်လည်း သတိရ ဆုတောင်းပေးသင့်ကြောင်း၊ ဖခင်များနေ့ ကျင်းပရခြင်း၏ မူလရည်ရွယ်ချက်ဖြစ်သော သေလွန်ပြီးသော ဖခင်တို့၏ ဝိညာဉ်များအတွက် ဆုတောင်းပေးခြင်းကိုလည်း အဓိပ္ပါယ် ပေါ်လွင်စေရန် ယခုပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဖခင်တို့ဟာ သားသမီးများအတွက် အမြဲတမ်း ရပ်တည်ပေးနေသော ပုဂ္ဂိုလ်များဖြစ်ကြောင်းနှင့် အဖေများနေ့ ဖြစ်ပေါ်လာပုံ၊ ဖခင်တစ်ဦး၏ ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခုကို မိန့်ကြားခဲ့ပါသည်။

အဆိုပါ မစ္ဆားတရားတော်မြတ်နှင့် အဖေများနေ့ အခမ်းအနားကို မန္တလေးမြို့ပေါ်ရှိ ဘုရားကျောင်းအသီးသီးမှ ဘာသာတူ ညီအစ်ကို မောင်နှမများ တက်ရောက်ပါဝင် ဆုတောင်းပေးခဲ့ကြပါသည်။ ဤကဲ့သို့ စိန်လာဇရူး နာရေးကူညီမှု အသင်း၏ ဦးဆောင်မှုဖြင့် အဖေများနေ့ အခမ်းအနားများကို ၂၀၁၁ ခုနှစ်မှ စ၍ စတင်ကျင်းပ ရာ ယခုဆိုလျှင် (၇) ကြိမ်မြောက်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါသည်။

စာမျက်နှာ(၁၅) မှ အဆက်

အကျဉ်းထောင်မှာ အပြစ်ဒဏ်ချ ခံကြရသော်လည်း ဘုရားသခင်၏ ကျေးဇူးတော်သည် သင်တို့အပေါ်၌ မေးမှိန်သွားမှာမဟုတ်ကြောင်း ပြောသည်။ ဖတ်ရှုရသော သမ္မာကျမ်း စာတော်မြတ်ဟာ ကျွန်ုပ်တို့ကို ခွန်အားအသစ်အမြဲပေးနေကြောင်း၊ ဘုရားကပစ်မထားဘူးဆိုတာ ဤမစ္ဆားတရားပူဇော်ခြင်း၌ ရဟန်း၊ သီလရှင်များကိုစေလွှတ်ပေးခြင်းအားဖြင့် သက်သေပြနေကြောင်း ဆက်လက် ပြောကြားခဲ့သည်။ ထို့ပြင်ဘုရားရှင်ရဲ့ နှလုံးသားဟာ လူသားတွေကိုချစ်တဲ့ အချစ်နဲ့သာ ပြည့်နေသောကြောင့် သူ့ရဲ့ အချစ်ကို သက်သေပြဖို့အတွက် အပြစ်သားများကို အမြဲခွင့်လွှတ်နေကြောင်းကိုလည်း ပြောပါသည်။ ထို့ ကြောင့် စိတ်ဓါတ်မကျဖို့၊ အချင်းချင်းကူညီရိုင်းပင်းကြဖို့၊ အခြားသော သူများအတွက်လည်း ပုံစံကောင်းပြဖို့ကို လည်းပြောပါသည်။ ဘုရားကို အမြဲသတိရပြီး အခုနေရတဲ့ အခြေအနေမှာ အကောင်းဆုံးနေ ထိုင်ကြဖို့၊ စည်းကမ်းချိုးဖောက်ခြင်းထက် ရိုးသားစွာနဲ့ အပြစ်ရဲ့ဒဏ်ကို ဆပ်ဖြေကြ ဖို့နှင့် ထောင်ကနေလွတ်မြောက်သွားတဲ့ အချိန်ကျလျှင် လည်း အတူတူသော အပြစ်ကို ထပ်ပြီးမကျူးလွန်မိအောင် စိတ်ကိုချုပ်တီးပြီး မိမိရဲ့မိသားစုနဲ့ ပျော်ရွှင်တဲ့ဘဝကို ပြန်လည်တည်ဆောက်ကြဖို့ ရဟန်းတော်မှ ခွန်အားပေး ဩဝါဒ မြွက်ကြားခဲ့ပါသည်။ မစ္ဆားအပြီးတွင် အလှူရှင်များမှ လှူဒါန်းပေးသော အသုံးအဆောင်ပစ္စည်း များကိုလည်း ဝေပေးခဲ့ပါသည်။

လူသားအကျိုးပြုလူမှုရေးလုပ်ငန်းများကိုလုပ်ဆောင်ခြင်းသည် အမှန်တကယ်လိုအပ်သော လုပ်ဆောင်ချက် တစ်ရပ်ဖြစ်ကြောင်း အကူအညီမဲ့ဝေဒနာသည်များနှင့် အားကိုးရာမဲ့အကျဉ်းသူ၊ အကျဉ်းသားတို့၏ ရင်ဖွင့်သံကို ကြားရသဖြင့် လူသားအကျိုးပြုလုပ်ငန်းသည် အရေးပါကြောင်း ပိုမိုနားလည်လာရပါသည်။ စာဖတ်သူညီအစ်ကို မောင်နှမများအနေဖြင့် ကိုယ်တိုင်ပါဝင်လုပ်ဆောင်မှု မပြုနိုင်ကြသေးသော်လည်း ဆုတောင်းခြင်းအားဖြင့် အမြဲပါဝင် ကူညီပေးကြဖို့ အထူးဖိတ်ခေါ်လိုပါသည်။ ဆုတောင်းပေးခြင်းအားဖြင့် အကူအညီမဲ့သူများတို့နှင့် နီးစပ်ကြပါစို့။

C.R.Mdy မန္တလေး

# မန္တလေးဂိုဏ်းချုပ်သာသနာ သစ္စာသုံးပါးခံသူတော်စင်များ၏ တစ်လတာ လူမှုရေးလှုပ်ရှားမှု

မန္တလေးဂိုဏ်းချုပ်သာသနာ၊ အဖဆရာတော် Archbishop Nicholas Mang Thang ၏ ညွှန်ကြား တာဝန်ပေးချက်အရ လူသားကျိုးပြု လူမှုရေးလုပ်ငန်းစဉ်များကို မန္တလေးဂိုဏ်ချုပ်သာသနာလုံးဆိုင်ရာသစ္စာသုံးပါးခံ သူတော်စင်များ အသင်းမှ တာဝန်ယူ ဆက်လက်လုပ်ဆောင်နေသည်မှာ ယခုနှစ်သည် ၅ နှစ်မြောက်ဖြစ်ပါသည်။

တာဝန်ပေးအပ်ခြင်းခံရသော ဆရာလေးရှင်း အသင်းဂိုဏ်းဝင် Rev. Fr. Peter Myo Khin ၏ ဦးဆောင်မှု အောက်တွင် အသင်းဂိုဏ်းအသီးသီးမှ သီလရှင်များသည်လည်း စိတ်အားထက်သန်စွာ စုပေါင်းလုပ်ဆောင် နေကြပါသည်။

၂၀၁၇ ဇွန်လ ၁၁ ရက်နေ့တွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့ နယ် ကြာနီကန်ကျေးရွာရှိ လူမှုဝန်ထမ်း ဦးစီးဌာနမှကြီးမှူးကွပ်ကဲ ဖွင့်လှစ် ထားသော HIV အမျိုးသမီးဝေဒနာသည်များစောင့်ရှောက်ရေးဌာနသို့ သွားရောက်ခဲ့ကြသည်။ ယခင်နှစ်များ၌ ဝေဒနာသည် ၁၀ ဦးထက်မနည်းစောင့်ရှောက်မှုခံယူကြသော်လည်း ယခုနှစ်မှာ ဝေဒနာသည် ၃ဦးမျှသာ ရှိပြီး ဝေဒနာသည်များအနေဖြင့် စိတ်ဓါတ် မကျစေရန် အိမ်တွင်းမှုအတတ်ပညာ၊ စက်ပန်းထိုး အတတ်ပညာ၊ ဖန်စီ အလှပြင်ဆင်ခြင်း စသည်တို့ကို အသက်မွေးဝမ်းကြောင်းအတွက် သင်ကြားပေးနေကြောင်း၊ ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်းကိုလည်း အတူတကွ လုပ်ဆောင်စေကြောင်း တာဝန်ခံ ဆရာမများမှ ရှင်းပြခဲ့ပါသည်။ ၎င်းနောက် မန္တလေး နန်းရှေ့ ၁၉လမ်း၊ နန်းဦးလွင်ရပ်ကွက်တွင် ရှိသော U Hla Htun Cancer Foundation မှ ကင်ဆာ ဝေဒနာသည်များ စောင့်ရှောက်ရေးဌာနသို့ သွားရောက်ခဲ့ကြသည်။ ဝေဒနာသည် အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၄၆ ဦးစောင့်ရှောက်မှု ခံယူလျက်ရှိသည်။ရောဂါဝေဒနာခံစားနေရသော မည်သူ မဆိုရောဂါအတွက် ဆေးဝါးမှီဝဲကုသမှု ခံယူကြရသလို ပတ်ဝန်းကျင် သန့်ရှင်းရန်၊ စေတနာဖြင့် စောင့်ရှောက်ပေးရန်၊ စိတ်ပိုင်းဆိုင်ရာအား ပေးမှုတို့သည်လည်း အထူးအရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်သည်။



အချို့သော ဝေဒနာသည်များအတွက် အနီးကပ် စောင့်ရှောက် အားပေးနေသော မိဘဆွေမျိုးအသိုင်းအဝန်းရှိကြသော်လည်း အချို့မှာ အားကိုးရာမဲ့သူများ ဖြစ်ကြသည်။ တာဝန်ကျသော စေတနာ့ ဝန်ထမ်းများကသာ ပြုစုပေးလျက်ရှိကြောင်း၊ ဆေးရုံဆေးခန်းများသို့ ဆေးစစ်သွားရန် လိုအပ်ပါက တာဝန်ကျ ဝန်ထမ်းများက လိုက်ပါပို့ဆောင်ပေးလျက်ရှိကြောင်း၊ တာဝန်ကျ စေတနာ့ဝန်ထမ်းများ၏ နွေးထွေးပျူငှာ ကူညီပေးနေခြင်း၊ အဆောက်အအုံ၏ သန့်ရှင်းသပ်ရပ်မှု၊ လေကောင်းလေ သန့်ရရှိမှုတို့ကြောင့် စိတ်အေးချမ်းမှု အပြည့်အဝခံစားကြရကြောင်းနှင့် ဤကဲ့သို့လူမျိုးဘာသာ မရွေးဘဲယခုကဲ့သို့ အချိန်ယူ လာရောက်အားပေးခဲ့ခြင်းအတွက်ပျော်ရွှင်မှု၊ ကြည်နူးမှု၊ အမှန်တကယ်ခံစားရကြောင်း စသည်ဖြင့် ဝေဒနာသည်များထံမှ ပီတိခံစားချက်များကိုလည်း အတူမျှဝေပေးခဲ့ကြပါသည်။

ဇွန်လ ၁၈ ရက်နေ့တွင် မန္တလေးတိုင်းပုသိမ်ကြီးမြို့နယ် ထုံးဘိုအမျိုးသမီးအကျဉ်းထောင်သို့လည်းကောင်း၊ ဇွန်လ ၂၅ ရက်နေ့တွင် အမျိုးသားအကျဉ်းထောင် (၁)နှင့် (၂) သို့လည်းကောင်း၊ မစ္ဆားတရား ပူဇော်ပေးခြင်းနှင့် အတူတကွ ဆုတောင်းခဲ့ကြသည်။ အကျဉ်းချခံရသူ ကက်သလစ် အမျိုးသမီး ၁၆ ဦးနှင့် အမျိုးသား အကျဉ်းထောင်(၁)နှင့်(၂)တွင်ကက်သလစ်ဘာသာဝင်ဦးရေ ၃၀ယောက် ရှိသည်။ နှစ်ရှည်အကျဉ်းချခံရသော အကျဉ်းသူ/ သားများအတွက် အချို့မှာ သက်ဆိုင်ရာတာဝန်ရှိသူများ၏အကူအညီဖြင့်မိသားစုဆွေမျိုးများနှင့် အဆက်အသွယ် ပြုနိုင်ကြသော်လည်း အချို့မှာ ဆက်သွယ်ရာမဲ့ အခြေအနေဖြင့် ရှိနေသူများလည်း ပါဝင်သည်။ အခြေအနေအရာဘဝကို လိုက်လျောညီစွာ ဖြတ်သန်းဖို့ စိတ်ဓါတ်ခွန်အား အပြည့်အဝ ထားနိုင်သူများရှိသလို စိတ်ဓါတ်ပိုင်းဆိုင်ရာအားပေးမှု လိုအပ်နေသူများ ရှိနေသည်ကိုလည်း တွေ့

မန္တလေးဂိုဏ်းချုပ်သာသနာ၊ အဖဆရာတော် Archbishop Nicholas Mang Thang ၏ ညွှန်ကြား တာဝန်ပေးချက်အရ လူသားကျိုးပြု လူမှုရေးလုပ်ငန်းစဉ်များကို မန္တလေးဂိုဏ်ချုပ်သာသနာလုံးဆိုင်ရာသစ္စာသုံးပါးခံ သူတော်စင်များ အသင်းမှ တာဝန်ယူ ဆက်လက်လုပ်ဆောင်နေသည်မှာ ယခုနှစ်သည် ၅ နှစ်မြောက်ဖြစ်ပါသည်။

တာဝန်ပေးအပ်ခြင်းခံရသော ဆရာလေးရှင်း အသင်းဂိုဏ်းဝင် Rev. Fr. Peter



Myo Khin ၏ ဦးဆောင်မှု အောက်တွင် အသင်းဂိုဏ်း အသီးသီးမှ သီလရှင်များသည်လည်း စိတ်အားထက်သန်စွာ စုပေါင်းလုပ်ဆောင် နေကြပါသည်။

၂၀၁၇ ဇွန်လ ၁၁ ရက်နေ့တွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့ နယ် ကြာနီကန်ကျေးရွာရှိ လူမှုဝန်ထမ်း ဦးစီးဌာနမှကြီးမှူးကွပ်ကဲ ဖွင့်လှစ် ထားသော HIV အမျိုးသမီးဝေဒနာသည်များစောင့်ရှောက်ရေးဌာနသို့ သွားရောက်ခဲ့ကြသည်။ ယခင်နှစ်များ၌ ဝေဒနာသည် ၁၀ ဦးထက်မနည်းစောင့်ရှောက်မှုခံယူကြသော်လည်း ယခုနှစ်မှာ ဝေဒနာသည် ၃ဦးမျှသာ ရှိပြီး ဝေဒနာသည်များအနေဖြင့် စိတ်ဓါတ် မကျစေရန် အိမ်တွင်းမှုအတတ်ပညာ၊ စက်ပန်းထိုး အတတ်ပညာ၊ ဖန်စီ အလှပြင်ဆင်ခြင်း စသည်တို့ကို အသက်မွေးဝမ်းကြောင်းအတွက် သင်ကြားပေးနေကြောင်း၊ ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်းကိုလည်း အတူတကွ လုပ်ဆောင်စေကြောင်း တာဝန်ခံ ဆရာမများမှ ရှင်းပြခဲ့ပါသည်။ ၎င်းနောက် မန္တလေး နန်းရှေ့ ၁၉လမ်း၊ နန်းဦးလွင်ရပ်ကွက်တွင် ရှိသော U Hla Htun Cancer Foundation မှ ကင်ဆာ ဝေဒနာသည်များ စောင့်ရှောက်ရေးဌာနသို့ သွားရောက်ခဲ့ကြသည်။ ဝေဒနာသည် အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၄၆ ဦးစောင့်ရှောက်မှု ခံယူလျက်ရှိသည်။ရောဂါဝေဒနာခံစားနေရသော မည်သူ မဆိုရောဂါအတွက် ဆေးဝါးမှီဝဲကုသမှု ခံယူကြရသလို ပတ်ဝန်းကျင် သန့်ရှင်းရန်၊ စေတနာဖြင့် စောင့်ရှောက်ပေးရန်၊ စိတ်ပိုင်းဆိုင်ရာအား ပေးမှုတို့သည်လည်း အထူးအရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်သည်။

အချို့သော ဝေဒနာသည်များအတွက် အနီးကပ် စောင့်ရှောက် အားပေးနေသော မိဘဆွေမျိုးအသိုင်းအဝန်းရှိကြသော်လည်း အချို့မှာ အားကိုးရာမဲ့သူများ ဖြစ်ကြသည်။ တာဝန်ကျသော စေတနာ့ ဝန်ထမ်းများကသာ ပြုစုပေးလျက်ရှိကြောင်း၊ ဆေးရုံဆေးခန်းများသို့ ဆေးစစ်သွားရန် လိုအပ်ပါက တာဝန်ကျ ဝန်ထမ်းများက လိုက်ပါပို့ဆောင်ပေးလျက်ရှိကြောင်း၊ တာဝန်ကျ စေတနာ့ဝန်ထမ်းများ၏ နွေးထွေးပျူငှာကူညီပေးနေခြင်းအဆောက်အအုံ၏ သန့်ရှင်းသပ်ရပ်မှု၊ လေကောင်းလေ သန့်ရရှိမှုတို့ကြောင့် စိတ်အေးချမ်းမှု အပြည့်အဝခံစားကြရကြောင်းနှင့် ဤကဲ့သို့လူမျိုးဘာသာ မရွေးဘဲယခုကဲ့သို့ အချိန်ယူ လာရောက်အားပေးခဲ့ခြင်းအတွက်ပျော်ရွှင်မှု၊ ကြည်နူးမှု၊ အမှန်တကယ်ခံစားရကြောင်း စသည်ဖြင့် ဝေဒနာသည်များထံမှ ပီတိခံစားချက်များကိုလည်း အတူမျှဝေပေးခဲ့ကြပါသည်။

ဇွန်လ ၁၈ ရက်နေ့တွင် မန္တလေးတိုင်းပုသိမ်ကြီးမြို့နယ် ထုံးဘိုအမျိုးသမီးအကျဉ်းထောင်သို့လည်းကောင်း၊ ဇွန်လ ၂၅ ရက်နေ့တွင် အမျိုးသားအကျဉ်းထောင် (၁)နှင့် (၂) သို့လည်းကောင်း၊ မစ္ဆားတရား ပူဇော်ပေးခြင်းနှင့် အတူတကွ ဆုတောင်းခဲ့ကြသည်။ အကျဉ်းချခံရသူ ကက်သလစ် အမျိုးသမီး ၁၆ ဦးနှင့် အမျိုးသား အကျဉ်းထောင်(၁)နှင့်(၂)တွင်ကက်သလစ်ဘာသာဝင်ဦးရေ ၃၀ယောက် ရှိသည်။ နှစ်ရှည်အကျဉ်းချခံရသော အကျဉ်းသူ/ သားများအတွက် အချို့မှာ သက်ဆိုင်ရာတာဝန်ရှိသူများ၏အကူအညီဖြင့်မိသားစုဆွေမျိုးများနှင့် အဆက်အသွယ် ပြုနိုင်ကြသော်လည်း အချို့မှာ ဆက်သွယ်ရာမဲ့ အခြေအနေဖြင့် ရှိနေသူများလည်း ပါဝင်သည်။ အခြေအနေအရာဘဝကို လိုက်လျောညီစွာ ဖြတ်သန်းဖို့ စိတ်ဓါတ်ခွန်အား အပြည့်အဝ ထားနိုင်သူများရှိသလို စိတ်ဓါတ်ပိုင်းဆိုင်ရာအားပေးမှု လိုအပ်နေသူများ ရှိနေသည်ကိုလည်း တွေ့

ရပါသည်။ မစ္ဆားတရားပူဇော်ခြင်း၌ ကက်သလစ် ဘာသာဝင်များအပြင် နှစ်ခြင်းခရစ်ယာန်ညီအစ်ကိုများလည်း အတူတကွပါဝင်ဆုတောင်းခဲ့ကြသည်။ တာဝန်ခံ ဘုန်းတော်ကြီးမှ မစ္ဆားတရားမစတင်မီ အာပါတ်ဖြေနားထောင်ပေးခဲ့သည်။ ၎င်းနောက် မစ္ဆားတရားတော်မြတ်ကို ဆက်လက် ပူဇော်ကြသည်။

အကြောင်း အမျိုးမျိုးကြောင့် ဤ

စာမျက်နှာ(၁၄)သို့

# စိန့်ပီတာ စိန့်ပေါလ် ဘုရားရှိခိုးကျောင်း ပွဲတော်ကြီး



ဇွန်လ ၂၉ ရက် ၂၀၁၇ ကြာသာပတေးနေ့ နံနက်(၉)နာရီအချိန်၌၊ စိန့်ပီတယ်စိန့် ပေါလ်သာသနာ၏ သာသနာ(၁၀) နှစ်ပြည့်နှင့် စိန့်ပီတယ်ပေါလ် ကျောင်းပွဲတော်ကြီးကို အင်းစိန် နံ့သာကုန်း စိန့်ပီတယ်ပေါလ် ဖားစည် ဘုရားကျောင်းတော်ကြီးတွင် ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကာဒီနယ်ချားဘိုအပါအဝင်ရဟန်းတော်စုစုပေါင်း (၃၆) ပါးပါဝင်တက်ရောက်မစ္ဆားပူဇော်ခဲ့ကြပါသည်။ ဘရာသာရ်များ၊ စစ္စတာရ်များနှင့် ဘာသာဝင်စုစုပေါင်း (၆၀၀) ကျော် တက်ရောက်အားပေးရခဲ့ကြပါသည်။ မစ္ဆားအတွင်း၌ ခရစ္စမားအားပေးခြင်း စက္ကရမင်းကို စိန့်ပီတယ်ပေါလ်သာသနာမှ ယောကျ်ားလေး၊ မိန်းကလေးစုစုပေါင်း(၁၅)ဦးခံယူခဲ့ပါသည်။

မစ္ဆားတရားတော်မြတ်၌ ကာဒီနယ်မှဩဝါဒတရားမြွက်ကြားတွင် သံပေတရုးနှင့် သံပေါလ်လူးအကြောင်းကို ရှင်းပြခဲ့ပါသည်။ " သံပေတရူးက ကျောက်ဖြစ်တယ်မာတယ်၊ ခိုင်ခံ့တယ်၊ သံပေတရူး၏ယုံကြည်ခြင်းကလည်း ခိုင်မာတယ်၊ သစ္စာရှိတယ်။ လူသားတစ်ဦး၏ အားနည်းချက်ရှိခဲ့လို့ သခင်ခရစ်တော်ကို ငြင်းဆန်မိခဲ့ပေမယ့်လည်း သူ့အမှားကို ပြန်လည်သိရှိလာခဲ့ပြီးတဲ့နောက်မှာ သခင်ခရစ်တော်အတွက် လက်ဝါးကားတိုင်စင်ပေါ် မှာလည်းအသေခံတဲ့အခါမှာ သူ့သခင်နဲ့မတန်လို့ မတူညီအောင် ကားစင်ဇောက်ထိုး အသတ်ခံကာ အသက်ပေးခဲ့တယ်။

သံပေါလ်လူးကလည်း တစ်ချိန်တုန်းက သခင်ခရစ်တော်၏ နောက်လိုက်တွေကို သွေးထွက်သံယိုဖြစ်အောင် လိုက်လံညှင်းဆဲနေတဲ့ ယခုခေတ်အဆို Terrorist အကြမ်းဖက်သမားတစ်ဦး ဖြစ်ခဲ့တယ်။ သခင်ခရစ်တော်နှင့် သူ၏နောက်လိုက်တွေကိုအရမ်းနှိမ်တဲ့သူ တစ်ဦးဖြစ်တယ်။ ဒါပေမယ့် ဒမာစကူးမြို့သို့ အသွားလမ်းမှာ သခင်ခရစ်တော်နဲ့တွေ့ပြီးတဲ့နောက်ပိုင်း လုံးဝပြောင်းလဲသွားပြီး ခရစ်တော်အတွက် Converted Terrorist ပြောင်းလဲလာတဲ့အကြမ်းဖက်သမားတစ်ဦး ဖြစ်လာပြီး ခရစ်တော်သခင် သာသနာပြုခဲ့တယ်။ သံပေတရူးနဲ့သံပေါလ်လူးတို့၏ဘဝအခြေအနေတွေဟာ တစ်ချိန်က အားနည်းချက် ကိုယ်စီ ရှိခဲ့ကြပေမယ့်လည်း သခင်ခရစ်တော်နဲ့ တကယ်တွေ့သွားတဲ့အခါ အားလုံးပြောင်းလဲသွားခဲ့ပြီး ဘုရားအတွက် တကယ်ပေးဆပ်အသက်စွန့်ခဲ့ကြတယ်။ လုပ်သွားခဲ့ကြတာဟာ ဘယ်တော့မှ မမေ့သင့်စရာတွေပဲဖြစ်တယ်ဟု အားပေးတိုက်တွန်းဩဝါဒပေးခဲ့ပါသည်။

(အင်းစိန်- RVA)

# ယေရှုးရွှေနှလုံးတော်ကျောင်းပွဲကျင်းပခြင်း



၂၄.၆.၂၀၁၇ ခုနှစ် စနေနေ့တွင် မှော်ဘီ၊ တပ်ကြီးကုန်း ရွှေနလုံးတော်ဘုရားကျောင်းပွဲတော်သို့ ရန်ကုန်ဂိုဏ်းချုပ် ဆရာတော်ကြီး ကာဒီနယ်ချားဘိုလ်နှင့်အတူ ရဟန်းတော်စုစုပေါင်း (၂၁) ပါး ပါဝင်လျှက် ပွဲတော်မစ္ဆားတရားကို တက်ရောက် ပူဇော်ခဲ့ကြပါသည်။ ကိုရင်၊ သီလရှင်၊ ဘာသာတူဦးရေ စုစုပေါင်း (၅၀၀) ခန့်ပွဲတော်ရောက်ဆုတောင်း ဝတ်ပြုခဲ့ကြပါသည်။

ယေရှုးရွှေနလုံးတော် အကြောင်းနှင့်ပတ်သက်၍ ကာဒီနယ် ချားလ်စ်ဘိုလ်မှ ဩဝါဒမြွက်ကြားရာတွင် မှော်ဘီကျောင်းသို့ မရောက်သည်မှာ အတော်လေးကြာသွားပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက်ဆရာတော်ကြီးက "ယေရှုးရွှေနလုံးတော်ပွဲတော်ကို ကျင်းပလာကြသည်မှာ နှစ်ပေါင်း နှစ်ထောင်လောက်ကတည်းကဖြစ်ပြီး သခင်ခရစ်တော်၏ ရွှေနလုံးတော်ကို သဒ္ဒါကြည်ညိုကိုးကွယ်ခြင်းဟာ အားအသာဆုံးဖြစ်တယ်။ နှစ်ပေါင်းနှစ်ထောင်လောက်ကတည်းက သဒ္ဒါကြည်ညိုခြင်း စတင်ခဲ့တယ်လို့ဆိုရပေမယ့် တကယ်အားအသန်ဆုံးဖြစ်လာတာက (၁၆) ရာစုနှစ်မှာဖြစ်ပါတယ်။ ရဟန္တာမ စစ္စတာရ် မာဂရက်မေရီကြောင့်လည်းဖြစ်တယ်။ သူမကို သခင်ခရစ်တော်ကိုယ်တောင်တိုင် ထင်ရှားပြတဲ့အကြောင်းကို သူမ၏ အကြီးအကဲကို ပြောပြတဲ့အခါ အကြီးအကဲက သံသယဖြစ်ပြီး စစ္စတာရ် မာဂရက်မေရီက စိတ်ကူးယဉ်တာ၊ ကျန်းမာရေး မကောင်းတာကြောင့် ကယောင် ချောက်ချားဖြစ်ပြီး ဟိုမြင်ဒီမြင်နဲ့ပဲဖြစ်မယ်လို့ သံသယဝင်ပြီးအကြီးအကဲက မယုံကြည်ခဲ့ဘူး၊

တစ်နေ့ စစ္စတာရ် မာဂရက်မေရီ နေထိုင်မကောင်းဖြစ်တဲ့အခါ အကြီးအကဲက ကောင်းပြီ -- စစ္စတာရ် မာဂရက်မေရီသင့်ကို သခင်ခရစ်တော် ထင်ရှားပြတယ်ဆိုတာ ငါ့ကိုယုံစေချင်ရင် နင့်ရဲ့ယခုဖျားနာမှုကို ချက်ချင်းပျောက်ရင် ငါယုံမယ်လို့ပြောတဲ့အခါ စစ္စတာရ်မာဂရက်မေရီက ရောဂါချက်ချင်းပျောက်သွားခဲ့တယ်။ ဒီလိုနဲ့ တဖြည်းဖြည်း ယေရှုးရွှေနှလုံးတော်ကို သဒ္ဒါကြည်ညိုမှုပိုပြီးပျံ့နှံ့သွားခဲ့တယ်။ သခင်ယေရှုးရွှေနှလုံးတော် ပုံတော်တွေမှာ ဆွဲထားတဲ့နှလုံးတော်ပုံ၊ မီးလျှံပုံနဲ့ဆူးရစ်ခွေတွေဟာ သခင်ခရစ်တော်ရဲ့က လူတွေအပေါ်မှာထားတဲ့မေတ္တာနဲ့ ပေးဆပ်ခဲ့ရတဲ့အချစ်တွေကို ဖော်ပြနေတဲ့အရာဖြစ်တယ်။ အားလုံးသတိယ ရမယ်။သိရမယ်၊ နားလည်ရမယ် ဖြစ်တယ် ၊ ယေရှုးရွှေနှလုံးတော်ကို သဒ္ဒါကြည်ညိုခြင်းဟာ သခင်ခရစ်တော်ကို ရှိခိုးခြင်းနှင့်အတူတူပဲဖြစ်တယ် "ဟုဆိုကာ ၎င်းသာသနာရှိ ဘာသာတူများအား ယေရှုးရွှေနှလုံးတော်ကို ပိုမိုသဒ္ဒါကြည်ညို ကိုးကွယ်ကြဖို့ အားပေးတိုက် တွန်းဩဝါဒ ပေးခဲ့ပါသည်။

အင်းစိန်-RVA



# ဂိုဏ်းပေါင်းစုံ လူငယ်လေးများနှင့် ပူတာအိုမြို့တွင်း ကက်သလစ် ဘာသာတူများငြိမ်းချမ်းရေး အတွက် (၉) ရက်တာ နိုဗေးနာ စိပ်ပုတီးစိပ် ဆုတောင်း

ညောင်လေးပင် ငြိမ်းချမ်းရေးမယ်တော်အလံမှာ ယခုအချိန်တွင် ပူတာအိုဘုန်းတော်ကြီးတပိုင်သို့ ရောက်ရှိလာပြီဖြစ်ပါသည်။ ထို့အတူဒီနှစ် ၂၀၁၇ ခုနှစ်သည် မြန်မာပြည်အတွက်ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ကာ အစာရှောင်ခြင်း၊ မြိုးခြံခြင်း၊ စွန့်ကြဲ ပေးကမ်းခြင်းတို့ဖြင့် မြန်မာပြည် ငြိမ်းချမ်းရေးအတွက် အထူး ဆုတောင်းကြဖို့ လွှန်ခဲ့သည့် ဖေဖော်ဝါရီလ ၂၈ ရက်၂၀၁၇ ခုနှစ်တွင် ကာဒီနယ်ချာလ်းဘိုမှ တစ်နိုင်ငံလုံးရှိ ဘာသာသူများနှင့် ဓမ္မမိတ်ဆွေများအားလုံးကိုပန်ကြားခဲ့ပါသည်။

မြန်မာပြည်ရှိ ကက်သလစ်သာသနာနယ် အသီးသီးသို့လှည့်လည်လျှက်ရှိသော ငြိမ်းချမ်းရေး မယ်တော်အလံသည် ပူတာအို ဌါနယ်ဆီသို့ ဖွန်လ ၂၅ ရက် ၂၀၁၇ နေ့တွင်ရောက်ရှိလာပါသည်။

ထို့ကြောင့် ဖွန်လ ၂၆ ရက် ၂၀၁၇ မှစတင်ပြီး (၉) ရက်တိတိ နိုဗေးနာပုတီးစိပ်ဆုတောင်းခြင်းကို စိန်အန်ထော်နီကက်သလစ်ဘုရားကျောင်း၊ ကောင်ကထောင်၊ ပူတာအို၌ ပြုလုပ်လျှက်ရှိရာ ဂိုဏ်းအသီးသီးဖြစ်သော (RC၊ AG၊ CoC၊ KBC) မှ လူငယ်များ ဖြစ်ကြသည့် ဘော်ဒါ ကျောင်းသူ၊ ကျောင်းသားများ၊ မြို့တွင်း ဘာသာတူများ ပါဝင် ကြကြောင်းသိရသည်။



Credit Facebook –John Htoi

# ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဗန်းမော်ဂိုဏ်းအုပ်သာသနာ တွေ့ဆုံခြင်း

ဗန်းမော်၊ ၂ ရက် ဖွန်လ ၂၀၁၇

ဖွန် ၂ ရက်နေ နံနက်ပိုင်း ၉ နာရီ မှ ၁၀ နာရီ အထိ ဗန်းမော်ဂိုဏ်းအုပ်သာသနာ၊ စိန်ပက်ထရိတ် ကာသီဒြယ်ကျောင်းဝန်းသို့ ကချင်ပြည်နယ် အစိုးရအဖွဲ့ဖြစ်သော ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်၊ ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် ဌာနဆိုင်ရာအသီးသီးမှ လူကြီးမင်းများ လာရောက်ခဲ့ကြသည်။

ဤတွေ့ဆုံခြင်း အခမ်းအနား ဗန်းမော် ဂိုဏ်းအုပ်သာသနာဆရာတော် ရေမွန်ဆွမ်းလွတ်ဂမ်မှ ကချင်ပြည်နယ် အစိုးရအဖွဲ့ယခုကဲ့သို့ လာရောက်ခြင်းကိုအထူးပင်ဝမ်းမြောက်ကြောင်းနှင့် လိုက်လှဲစွာ ကြိုဆိုပါကြောင်း ကြိုဆိုမိန့်ခွန်း ပြောကြားခဲ့သည်။

ထိုမိန့်ခွန်းတွင် ဗန်းမော် ဂိုဏ်းအုပ်သာသနာအကြောင်းနှင့် လက်ရှိ အခြေအနေ များကိုရှင်းလင်း တင်ပြရာ ဗန်းမော်ဂိုဏ်းအုပ်သာသနာတွင် ဘုန်းတော်ကြီး (၂၄) ပါး၊ သီလရှင် (၆၀)ပါး၊ ဘာသာဝင် ဦးရေ (၃၀၀၀၀) ရှိကြောင်း၊ ဗန်းမော်သာသနာသည် ယခုဖြစ်ပွားနေသော မငြိမ်သက်မှုစတင်ဖြစ်ပွားရာ နေရာဖြစ်ပြီး အများဆုံးကြုံတွေ့ရသော နေရာဖြစ်ကြောင်း၊ စစ်ရှောင် ပြေးသူများ (၅၀၀၀၀) ရှိပြီး ၎င်းသည် ဗန်းမော်ခရိုင်ရှိ လူဦးရေစုစုပေါင်း၏ (၁၃) ရာခိုင်နှုန်းဖြစ်ကြောင်း၊ ဗန်းမော် သာသနာတွင်ဘုန်းတော်ကြီးတပိုင်(၁၃) ခုရှိရာ ဗန်းမော်မြို့မှလွဲ၍ ကျန်သော နေရာဒေသ အားလုံးတွင် စစ်ဖြစ်နေကြောင်း၊ ၎င်းတို့ထဲမှ ပရံခူးတုံ ဘုန်းကြီးတပိုင်သည် ဖရိုဖရဲဖြစ်ကာ ဘုန်းတော်ကြီးတပိုင် တခုလုံး စစ်ရှောင် စခန်းသို့ ရွှေ့ပြောင်းရကြောင်း၊ စစ်ရှောင်ပြည်သူများ မရှိသော ဘုန်းတော်ကြီးတပိုင်မရှိကြောင်း နှင့် စစ်ရှောင်လူဦးရေစုစု ပေါင်း၏ (၇၅) ရာခိုင်နှုန်းကို ကရုဏာ ဗန်းမော်မှ ကူညီထောက် ပံ့လျှက်ရှိကြောင်း ရှင်းပြခဲ့သည်။

ဆရာတော်ဘုရား ဆက်လက် ပြောကြားရာတွင် ဗန်းမော်သာသနာမှ လွန်ခဲ့သော (၄) နှစ်အတွင်း စစ်ရှောင်ပြည်သူများအတွက် စားဝတ်နေရေးကိုအဓိက ထောက်ပံ့ခဲ့ရာ လွန်ခဲ့သော(၂) နှစ်ခန့်မှ စစ်ရှောင်စခန်း ရှိပြည်သူများ၊ လူငယ်များတွင် အကျင့် စာရိတ္တပျက်ပြားခြင်း အစရှိသော လူမှုရေးပြသနာသည် အဓိက ပြုပြင်ပေးရမည့်အရာဖြစ်ကြောင်း တွေ့ရှိခဲ့ပြီး ယခုအချိန်တွင် စတင်လုပ်ဆောင်နေပြီ ဖြစ်ကြောင်း ပြောကြားခဲ့ပြီး စစ်ဖြစ်ပွားမှုများ ချုပ်ငြိမ်း ပြီး တိုင်းပြည် အေးချမ်း သာယာလာမည်ကို မျှော်လင့်ပါကြောင်း၊ ဗန်းမော် သာသနာအတွင်း စစ်ရှောင်စခန်းရှိရာဒေသ အသီးသီးသို့ ကူညီထောက်ပံ့မှုများ ပြုလုပ်နိုင်ခြင်းသည် ကချင်ပြည်နယ် အစိုးရ၏ အကူအညီပေးမှုကြောင့်သာလျှင် ပြုလုပ်နိုင်တာဖြစ်ပြီး ဆက်လက်၍ လည်းလိုအပ်သလိုကူညီပေးပါရန်တင်ပြခဲ့သည်။

ဆက်လက်၍ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ပြောကြားရာတွင် ဗန်းမော်ခရိုင် သာသနာပိုင် ဂိုဏ်းအုပ်သာသနာ ဆရာတော်နှင့် ဘုန်းကြီး၊ သီလရှင်များ၊ သာသာရေးဆိုင်ရာ ဆရာကြီးများနှင့် တွေ့ဆုံရသဖြင့် အထူးပင် ဝမ်းသာပါကြောင်း၊ ဘုရားသခင်၏ ကောင်းချီးအလုံးစုံ ခညောင်းပါစေကြောင်း၊ ပြောကြားပြီး ဆက်လက်၍ ကျွန်ုပ်တို့နိုင်ငံတွင် အဓိကလိုအပ်နေသည်မှာ ငြိမ်းချမ်းရေးရရှိရန်ဖြစ်ကြောင်း၊ အစိုးရခေတ် အဆက်ဆက်၌ ငြိမ်းချမ်းရေးကို ဖော်ဆောင်ခဲ့သော်လည်း အောင်မြင်မှုမရခဲ့ကြောင်း၊ မိမိတို့၏ လက်ရှိ အစိုးရသစ်လည်း တိုးတက် တိုင်းပြည် ငြိမ်းချမ်းရေး ရရှိရန် ကြိုးစားနေကြောင်း၊ နိုင်ငံတော်တိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ဦးရွက်ပြု၍ တိုင်းပြည် ငြိမ်းချမ်းရေးရရှိရန် လုပ်ဆောင်နေသည်ကို သိမြင်နိုင်မည်ဖြစ်ကြောင်း အကယ်၍ ငြိမ်းချမ်းရေးရရှိမည် ဆိုပါက ကျွန်ုပ်တို့ နိုင်ငံလက်ရှိရင်ဆိုင်ရသော ပြသနာပေါင်းစုံ(၉၀) ရာခိုင်နှုန်း ဖြေရှင်းပြီးသား ဖြစ်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ အစိုးရအနေဖြင့် ငြိမ်းချမ်းရေးကို မရရအောင်ကြိုးစားနေတာဖြစ်ကြောင်းပြောကြားခဲ့ပါသည်။



ဆက်လက်၍ ကချင်ပြည်နယ် ဝန်ကြီးချုပ်မှ ငြိမ်ချမ်းရေးမရသဖြင့် မိဘ ပြည်သူ များကြုံနေရသော ပြသာနာများသည် ကျွန်ုပ်တို့အားလုံး၏ ပြဿနာပင် ဖြစ်ကြောင်း၊ အားလုံး ကူညီဖြေရှင်းပေးရမည့် ပြဿနာပင်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်း အခြေအနေ အမျိုးမျိုးကြောင့် ငြိမ်းချမ်းရေးမရသေးသော ကာလအတွင်းနေရာ ဒေသ အသီးသီးတွင် နေထိုင်ကြသော ချစ်ခင်လေးစားရပါသော တိုင်းရင်းသား မိဘပြည်သူများကို မိမိတို့ ပြည်နယ်အစိုးရအနေဖြင့် အတတ်နိုင်ဆုံး ပံ့ပိုးကူညီပေးသွားမှာ ဖြစ်ကြောင်း၊ ကျန်းမာရေး၊ ပညာရေးမှ အစ ဆရာတော်ကြီး ပြောကြားသကဲ့သို့ လူမှုရေးဘက်တွင် ကလေး

စာမျက်နှာ ၁၈ သို့

စာမျက်နှာ ၁၇ မှ အဆက်

များ အကျင်းစာရိတ္တ ပျက်ပြားခြင်း စသည်တို့ကို ပဲ့ပြင်လမ်းကြောင်း တည့်မတ် ပေးရာတွင် မိမိတို့ အစိုးရအနေဖြင့်လည်း တာဝန်ရှိကြောင်း နိဂုံးချုပ်အားဖြင့် ငြိမ်းချမ်းရေးဆိုသည်မှာ မိမိတို့ အစိုးရတစ်ဖွဲ့တည်း လုပ်ဆောင်၍ မရကြောင်း၊ ဘာသာရေး အသင်းအဖွဲ့၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့၊ နိုင်ငံရေးပါတီများ၊ မိဘပြည်သူများအားလုံး၊ အစိုးရဌာန ပေါင်းစုံ၊ လက်နက်ကိုင် အဖွဲ့အစည်းများမှ အစ အကုန်လုံး မိမိတို့ရင်ထဲ နလုံးသားထဲတွင် ငြိမ်းချမ်းရေးကို လိုချင်ပါသည် ဆိုသည်ကို အရင်ဦးဆုံးဆောက်တည်ရမှာဖြစ်ကြောင်း ထိုကဲ့သို့ဆောက်တည်မှသာ လက်တွေ့ကို အားလုံး အကောင်အထည် ဖော်ဆောင်နိုင်မှာဖြစ်ပြီး မကြာသောကာလတွင်ကျွန်ုပ်တို့နိုင်ငံတော်သည် ငြိမ်းချမ်းရေး ရရှိလာမည်ဟု မိမိမြင်ပါကြောင်း သို့ဖြစ်၍ ဘာသာရေး အသင်းအဖွဲ့များအနေဖြင့် အရာ ခပ်သိမ်းကို တတ်နိုင်တော်မူသော ဘုရား သခင်ထံ ဆုတောင်းပေးပါရန် နှင့် အားလုံးပါဝင်ရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ဤသို့ ကချင်ပြည်အစိုးရအဖွဲ့နှင့် ဗန်းမော်ဂိုဏ်းအုပ်သာသနာမိနစ် (၄၀) ခန့် တွေ့ဆုံကြပြီးနောက် နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့သည် ကာသီဒြယ်ဝန်း မှ ပြန်လည်ထွက်ခွာခဲ့ပါသည်။

ဇွန်လ (၂၁) ရက် ၂၀၁၇ သည် ဗန်းမော်ဂိုဏ်းအုပ်ဆရာတော်ရေမွန်ဆွမ်းလွတ်ဂမ်၏ (၆၄) နှစ်ပြည့် မွေးနေ့ကျရောက်သကဲ့သို့ ထိုနေ့သည် ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့် တွေ့ဆုံခြင်းမှာလည်း ထူးခြားချက်ပင်ဖြစ်သည်။

Tsalum (OSC Banmaw)



# ဟားခါးသာသနာ ဟားခါးမြို့တွင် စိန့်ဂျွန်ကိုယ်ပိုင်ကျောင်းဖွင့်

ဟားခါး ကက်သလစ် သာသနာ၊ ဟားခါးမြို့ ကျောဘုတ်ရပ်ကွက်တွင် တည်ရှိသော စိန့်ဂျွန် ကိုယ်ပိုင်စာသင်ကျောင်း (St.John Private School) ကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့ပါသည်။

စိန့်ဂျွန် ကိုယ်ပိုင် ကျောင်းတွင် ယခု နှစ်မှစ၍ မူကြို၊ KG၊ Grade 1 စသည့် အတန်း သုံးတန်းဖြင့် အစပြုမည်ဖြစ်ရာ တစ်တန်းလျှင် ကျောင်းသား (၃၀) သာ လက်ခံရန် သတ်မှတ်ထားသည်။ စိန့်ဂျွန် ကိုယ်ပိုင်ကျောင်း၌ မိမိ သားသမီးများကို ထားလိုသူတိုင်း လူမျိုးမရွေး၊ ဘာသာမရွေး လက်ခံမည်ဖြစ်ပြီး၊ ၂၀၁၇ ခုနှစ်ဇွန်လ ပထမပတ် မှစ၍ လက်ခံခဲ့ပါသည်။ မူကြိုကလေးများကိုမူ အဆောက်အဦး ကောင်းမွန်စွာ မပြီးစီးသေးသဖြင့် ဇူလိုင်လမှစတင် လက်ခံခဲ့သည်။



" Montesorri" သင်ကြားနည်းဖြင့် သင်ကြားပေးမည်ဖြစ်၍ သင်ကြားပေးမည့် ဆရာမများမှာ ဖိလစ်ပိုင်နိုင်ငံမှ သင်တန်းပြီးဆုံးသူ ဆရာမတစ်ဦးနှင့် ရန်ကုန် တောင်ကြီးမြို့များမှ "Montesorri" သင်ကြားနည်းစနစ် သင်တန်းပြီးဆုံးသူ ဆရာမ (၅)ဦးတို့မှ ကျောင်းသား (၁၅) ယောက်လျှင် ဆရာမ တစ်ဦးနှုန်းဖြင့် ကွပ်ကဲသင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

St.John ကိုယ်ပိုင်ကျောင်း၏ အဓိက ရည်ရွယ်ချက်မှာ ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးနှင့် အရည်အချင်းရှိသော ပညာရေးရရှိရန် ရည်ရွယ်ချက် ဖြစ်ပါသည်။ နောင်နှစ်များတွင် တစ်တန်းပြီးတစ်တန်း တိုးချဲ့ကာ နောင်အခါ အထက်တန်းဆင့်၊ တက္ကသိုလ် အဆင့်ထိ သင်ကြားနိုင်ရန် ရည်မှန်းထားကြောင်း သိရှိရပါသည်။

နိုင်ငံတကာအဆင့်မီ သင်ထောက်ကူ ပစ္စည်းများကို အသုံးပြု၍ သင်ကြားမည်ဟု စိန့်ဂျွန် ကိုယ်ပိုင်ကျောင်း ကျောင်းအုပ်ဆရာမကြီး Theresa Htva Swe မှ ပြောပြခဲ့ပါသည်။

ဤကျောင်းတွင် ဘုန်းတော်ကြီး Fr. Lucas Tha Ling Sum မှဦးဆောင်ပြီး တာဝန်ခံ ကျောင်းအုပ် Theresa Htva Swe, ဆရာမများဖြစ်သော Ms. Nirian Mang Sin Par, Ms. Rita Van Jang Mang, Ms. Assumpta Pau Bawm Cing, Ms.Cecilia Sai Htawn, Ms. Eulerly Siang Din Par တို့မှ သင်ကြားပေးမည် ဖြစ်ကြောင်း သိရပါသည်။

Nobert Ca Ling (Hakha-RVA)

# မြန်မာနိုင်ငံရှိ သူတော်စင်အသင်းဂိုဏ်းများမှ ပုံသွင်းဆောက်တည်ခြင်း တာဝန်ခံများ ညှိနှိုင်းဆွေးနွေးခြင်း



ရန်ကုန် ၃-၅ ရက် ဇူလိုင်လ ၂၀၁၇။

သူတော်စင် အသင်းဂိုဏ်းတိုင်းအတွက် လက်ရှိစိန်ခေါ်မှုမှာ အသင်းသူ အသင်းသားဖြစ်လိုသူများအား အသင်းဂိုဏ်း၏ကျင့်စဉ်အတိုင်းပုံသွင်းပေးခြင်းဖြစ်သည်။ ဤလုပ်ငန်းအတွက် အထောက်အကူပြုနိုင်ရန် အတွေ့အကြုံဝေမျှရင်း တစ်ဦးထံမှ တစ်ဦးသင်ယူကြရန်အတူတကွလာရောက်ကာ ညှိနှိုင်းဆွေးနွေးခြင်းကို ကက်သလစ် သူတော်စင်များ အဖွဲ့ချုပ်ရုံးတွင်ပြုလုပ်ခဲ့ကြသည်။ ဖါသာရ် နီကော (MS) မှ ဦးဆောင် ပြုလုပ်ခဲ့သည်။

(Photo Credit: Chris May)

# ညောင်လေးပင်မြို့တွင် လစဉ်ကျင်းပလျက်ရှိသော ပထမစနေနေ့တိုင်း တစ်ရက်တာ ဝတ်စောင့်ဆုတောင်းခြင်း၌ ပါဝင်နိုင်ကြပါရန် ဖိတ်ခေါ်ခြင်း

လစဉ်၊ လ၏ပထမပတ် စနေနေ့တိုင်း၊ လုဒ်မယ်တော်သခင်မ ကျောင်းတော်ကြီး တွင် တစ်ရက်တာ ဝတ်စောင့်ခြင်းကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ထိုကဲ့သို့ ကျင်းပပြုလုပ်ရာတွင်လစဉ်တာဝန်ကျ ဘုန်းတော်ကြီးများကို ပင့်ဖိတ်၍ ဝတ်စောင့် ခြင်းကို ပြုလုပ်နိုင်ခဲ့ပါသည်။

၂၀၁၇ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ တာဝန်ကျဘုန်းတော်ကြီးများကို တင်ပြ အပ်ပါသည်။ ထိုကဲ့သို့ တစ်ရက်တာ ဝတ်စောင့်ခြင်းများတွင် ကက်သလစ် ဘာသာတူများ ပါဝင် တက်ရောက်ကာ ဝိညာဉ်ကာယ ခွန်အားများ ရယူနိုင်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြား အပ်ပါသည်။

ကိုဖေးဗီးယား
(ပွဲတော်ကျင်းပရေး ကော်မတီ)

## ဆုတောင်းပြည့်လုဒ်မယ်တော်သခင်မ

ညောင်လေးပင်မြို့

လစဉ် တစ်ရက်တာ ဝတ်စောင့်ခြင်းကို ညောင်လေးပင်မြို့၊ ဆုတောင်းပြည့် လုဒ်မယ်တော်သခင်မကျောင်းတော်ကြီး ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကက်သလစ်ဘာသာသူများအား ပါဝင်နိုင်ရန်အတွက် လှိုက်လှိုက်လှဲလှဲ ဖိတ်ကြားအပ်ပါသည်။

### ဦးဆောင်မည့် ဘုန်းတော်ကြီးများ

| စဉ် | နေ့ရက် | ဘုန်းတော်ကြီးအမည် | သာသနာ |
|---|---|---|---|
| 1. | 1-7-2017 | Fr. Bosco Bo Bo | SDB |
| 2. | 5-8-2017 | Fr. Robert Win Thein | St. Augustine's Church |
| 3. | 2-9-2017 | Fr. Anthony Zaw Htun | Sacred Heart Church |
| 4. | 7-10-2017 | Fr. Paschal Paul | St. Francis Assisi's Church |
| 5. | 4-11-2017 | Fr. Cyprian Aung Win | St. Joseph's Major Seminary |
| 6. | 2-12-2017 | Fr. Marcian Thet Kyaw | Church of Epiphany |

ရန်ကုန်သာသနာရှိ သာသနာအသီးသီးမှ ဝတ်စောင့်ခြင်းတွင် လိုက်ပါလိုသူများ ကားလက်မှတ် တစ်ဦးလျှင် (၇၀၀၀/-) ကျပ်နှုန်းဖြင့် မိမိတို့သာသနာရှိ ဝတ်စောင့်ခြင်းတာဝန်ခံ ပုဂ္ဂိုလ်များထံမှ ဝယ်ယူနိုင်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် ပွဲတော်ကျင်းပရေးကော်မတီ
Fr. Jude (Tel: 09 6701150)

# ဂုဏ်ထူးရှင် မဂျာနား နှင့် နော်မေရီဂျိမ်း တို့အားဂုဏ်ပြုခြင်း



ပုသိမ်ကက်သလစ်သာသနာမှ ၂၀၁၇ ခုနှစ် သတ္တသိုလ်ဝင်အတန်းစာမေးပွဲကို ထူးချွန်စာအောင်မြင်ခဲ့သည့် မဂျာနားနှင့် နော်မေရီဂျိမ်းတို့အတွက် သာသနာမှ များစွာ ဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

မဂျာနားနှင့် နော်မေရီဂျိမ်းတို့သည် ၂၀၁၆/၂၀၁၇ ခုနှစ်တွင် ပုသိမ်မြို့ အနောက်တောင်ပိုင်း စစ်ဌာနချုပ် အ. ထ.က (၇) ကျောင်း၌ ပညာသင်ယူခဲ့ကြသည်။

မဂျာနားမှာ ပုသိမ်သာသနာ မှ ၂၀၁၇ ခုနှစ် အတွက် တစ်ဦးတည်းသော (၅) ဘာသာဂုဏ်ထူးရှင်အဖြစ် ထူးချွန်စွာ အောင်မြင်ခဲ့သူဖြစ်သည်။ မမေရီဂျိမ်းမှာ (၃) ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကာ နှစ်ဦးစလုံးသည် ကံကြီးကျေးရွာမြောင်းမြမြို့နယ် ဇာတိသူများ ဖြစ်ကြသည်။

အသင်းတော်အနေဖြင့် မဂျာနာနှင့် နော်မေရီဂျိမ်းတို့အတွက် ဂုဏ်ယူခြင်း များစွာဖြင့် အများအကျိုး၊ သာသနာအကျိုးနှင့် အားလုံးကောင်းကျိုးအတွက် အကျိုးပြု ထမ်းဆောင် နိုင်သောသူများ ဖြစ်နိုင်ကြပါစေကြောင်း ဆုတောင်းပေးလိုက်ပါသည်။

( PTN-OSC)






စာ - ၆

## ဇူလိုင်လ၏ မွေးနေ့ရှင် ဆရာတော်ကြီးများအတွက် မွေးနေ့ဆုတောင်း



ဂိုဏ်းချုပ်ဆရာတော်ကြီး ဘာစီးလျှို အားသိုက်တောင်ကြီးသာသနာ
၂၂ ရက် ဇူလိုင်လ ၁၉၅၆ ခု



ဂိုဏ်းအုပ်ဆရာတော်ကြီး အလက်ဇန္ဒြား ပြုံးချိုပြည်သာသနာ
၁၀ ရက် ဇူလိုင်လ ၁၉၄၉ ခု

မွေးနေ့ရှင် ဆရာတော်ဘုရားများ ထာဝရဘုရားသခင်၏ ကျေးဇူးတော် အဖြာဖြာနှင့် ပြည့်ဝကြလျက် ကိုယ်တော်ရှင်၏ အမှုတော်ကို သက်ဆုံးတိုင် ထမ်းရွက်နိုင်ကြပါ စေကြောင်း ဆန္ဒမွန်များစွာ ပြုလိုက်ပါသည်။



ဘာသာပေါင်းစုံ မိတ်ဆုံစားပွဲ နှင့် စုပေါင်း ဝါဖြေပွဲ အခမ်းအနား

စာ - ၁၃



စိန်ပီတာ စိန်ပေါလ် ဘုရားရှိခိုးကျောင်း ပွဲတော်ကြီး

စာ - ၁၆



ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဗန်းမော်ဂိုဏ်းအုပ်သာသနာ တွေ့ဆုံခြင်း

စာ - ၁၇



အသင်းတော်အတွက် ကာဒီနယ်အသစ် ငါးပါး ခန့်အပ်ခြင်း

စာ - ၄

## ဒဿနိကဗေဒဌာန စိန်ဂျိုးဇက်ရဟန်းဖြစ်တက္ကသိုလ်သို့ ဆရာတော်များကြွရောက်အားပေး

စာ - ၁၃

